မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်　２၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့　အတွဲ (၆၄)၊ အမှတ် (၀၃၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ် စ ရာ

အင်ဂျင်နီယာပညာရေး၏ အဓိပ္ပာယ်

ဆောင်းပါး　စာ ၁၀

……

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ဆောင်းပါး　စာ ၁၆

……

နိုင်ငံစီးပွားဖွံ့ဖြိုးဖို့ တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်စို့
ဆောင်းပါး　စာ ၁၈

……

ကွန်ဂိုနိုင်ငံ၌ စားရေရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသူပေါင်း ၂၅ ဒသမ ၆ သန်းရှိဟုဆို

နိုင်ငံတကာသတင်း　စာ ၃၃

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။

ပြည်သူ့အကျိုးစီးပွား တည်ဆောက်ပြုပြင် လမ်းနှင့်တံတား

ရန်ကုန် အောက်တိုဘာ ၂၉

ဆောင်းအကြိုကာလဖြစ်၍ ရန်ကုန်မြို့တော်ကြီး၏ နံနက်ခင်းစောစောမြင်ကွင်းမှာ အေးချမ်းသာယာလှပနေသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ထားရာ သိင်္ဂုတ္တရကုန်းတော်ဆီတွင် အရုဏ်ဦးရောင်ခြည်များ သန်းနေပုံမှာ အရောင်အသွေးစုံလှသည့် ပန်းချီကားကြီးတစ်ချပ်ပမာ။

ယင်းကာလတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်စွာ ဖူးမြော်ရလေသည်။ မြန်မာနိုင်ငံမှ မုတ်သုံလေ လုံးဝဆုတ်ခွာသွားပြီဖြစ်၍ အစားထိုးဝင်ရောက်လာသော ဆောင်းဦးမြောက်ပြန်လေသည် ရင်ကိုတစ်ချက်တစ်ချက် အေးမြသွားစေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန သတင်းအဖွဲ့သည် နံနက်စောစောကတည်းက ရန်ကုန်မြို့ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ရှိစုရပ်တွင် အသင့်ရောက်ရှိနေကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❑

ဘုတလင်မြို့နယ်၌ မိုးသီးနှံ နေကြာ ၅၇၁၂ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

မုံရွာ အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မိုးသီးနှံ နေကြာ ၅၇၁၂ ဧက စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ၆ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနေကြာများ စိုက်ပျိုးရာတွင် နေကြာမျိုးများဖြစ်သည့် စပ်မျိုး-၁၊ ဆင်းရွှေကြာ၂၊ နေကြာမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ မိုးနေကြာစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ ခရိုင်၊မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ

စာမျက်နှာ ၃ ကော်လံ ၁ ❖

မြန်မာ့အလင်း

ခရီးသွားများလာရောက်လည်ပတ်လိုသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ပြည်တွင်းဒေသအချို့တွင် မငြိမ်မသက်ဖြစ်ပေါ်ခဲ့မှုတို့က မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ထိခိုက်စေခဲ့သည်။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပေါ်သည့်ကာလ မတိုင်မီက မိမိတို့နိုင်ငံတွင် ပြည်တွင်းခရီးသွား ၁၀ သန်းခန့်နှင့် ပြည်ပခရီးသွား လေးသန်းခန့် နှစ်စဉ်ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းတိုးတက်မှုအခြေအနေကောင်းတစ်ရပ် ရရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်က ပထမနှစ်ဝက် ကာလအတွင်း မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်ခြောက်သိန်းခန့်ဝင်ရောက်ခဲ့ရာ ခရီးသွားလုပ်ငန်းအလားအလာပေါ်တွင် ပြန်လည်မျှော်မှန်းနိုင်မည့် အနေအထားတစ်ရပ်ဟု ဆိုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားရာသီမှာ ယေဘုယျအားဖြင့် သီတင်းကျွတ်ကာလမှစတင်၍ သင်္ကြန်ကာလတွင် ပြီးဆုံးသည်ဟု ဆိုနိုင်သည်။ မိုးလေကင်းလွတ်၍ ခြောက်သွေ့သောရာသီဖြစ်သည့်အပြင် ရုံးပိတ်၊ ကျောင်းပိတ်ရက်ရှည်များ၊ ပွဲတော်များ အများစုကလည်း အဆိုပါကာလအတွင်း အများဆုံးပါရှိနေသည်။ လက်ရှိအခြေအနေအရ မြန်မာ့ခရီးသွားလုပ်ငန်းအနေဖြင့် ပြည်တွင်းခရီးသွားများကိုသာ အဓိကမျှော်မှန်းပြင်ဆင်မှုပြုရန်နှင့် ပြည်ပခရီးသွားများ ဝင်ရောက်လာရေးအတွက်လည်း နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အောက်တိုဘာ ၂၁ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၄) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားခဲ့ရာ “ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ပြည်တွင်းပြည်ပခရီးသွားများ များပြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားများ လာရောက်လည်ပတ်လိုသည့်ဒေသများ ဖြစ်စေရေး၊ ဒေသများအလိုက် သန့်ရှင်းသာယာလှပပြီး ပန်းပေါင်းဝေဆာသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ဒေသအလိုက်ထုတ်ကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း၊ တည်းခိုသည့် ဟိုတယ်များနှင့် တည်းခိုခန်းများ သန့်ရှင်းမှုရှိစေရေးအတွက်လည်း တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

မိမိနိုင်ငံ၊ မိမိဒေသ၏ ပုံရိပ်ကိုမြှင့်တင်ခြင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးစွာပထမဆောင်ရွက်ကြရမည့် လုပ်ငန်းပင်ဖြစ်သည်။ ဒေသအတွင်း ရှိနှင့်ပြီးဖြစ်သည့် ခရီးသွားဆွဲဆောင်သည့်နေရာများကို ထင်ရှားလာစေရန် ဖော်ထုတ်ခြင်း၊ မြို့ရွာလမ်းပန်းဆက်သွယ်သွားလာမှု ကောင်းမွန်ချောမွေ့ရေး၊ ရှုခင်းမြင်ကွင်းများ ကောင်းမွန်တင့်တယ်ရေး၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်း၊ ဒေသအစားအစာများ၊ ဒေသထွက်ကုန်များ သန့်ရှင်းရေးနှင့် အရည်အသွေးကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ မိမိတို့ဒေသ၏ ကောင်းသတင်းများ၊ ထူးခြားထင်ရှားမှုများကို ခရီးသွားများ သိရှိလာစေရန် မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်ခြင်းနှင့် ဒေသအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတစိုက်မတ်မတ် ဆောင်ရွက်သွားခြင်းအားဖြင့် ခရီးသွားလုပ်ငန်းများ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကျန်းမာရေးရှုထောင့်မှ ကြည့်ပါက ခရီးသွားခြင်းသည် စိတ်ဖိစီးမှုကို လျှော့ချပေးပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို သိသာစွာလျှော့ကျစေသည်ဟု ဆိုသည်။ ခရီးသွားချိန်တွင် လှုပ်ရှားရခြင်း၊ သဘာဝနေ၊ လေတို့နှင့် ထိတွေ့ရခြင်း၊ စိတ်ပေါ့ပါးပျော်ရွှင်မှုရခြင်းတို့ကြောင့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းနိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာခံစားမှု ပိုမိုကောင်းမွန်စေခြင်း၊ နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်သည်ဖြစ်ရာ မိမိတို့ဒေသဆီသို့ အလည်အပတ်ရောက်ရှိလာမည့် ခရီးသွားများသန့်ရှင်းကောင်းမွန်စွာတည်းခိုနေထိုင်နိုင်ရေးအတွက် ဟိုတယ်များနှင့်တည်းခိုခန်းများသန့်ရှင်းစေရန်၊ အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်စေရန်တာဝန်ရှိသူများက ကြပ်မတ်ကွပ်ကဲပေးသွားကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလိုအပ်ဆုံးအချက်မှာ ခရီးစဉ်ဒေသများ၏အေးချမ်းသာယာမှုနှင့် လုံခြုံမှုပင်ဖြစ်သည်။ ဒေသတစ်ခု အေးချမ်းသာယာမှု၊ လုံခြုံမှုမရှိပါက ခရီးသွားလုပ်ငန်းမျှသာမက မည်သည့်လုပ်ငန်းကိုမှ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အလျောက် ဒေသများ အေးချမ်းသာယာရေးကို ဦးစွာဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့ဒေသများအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်မလာရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုသာ မြန်မြန်ဆန်ဆန်အောင်မြင်နိုင်မည်ဖြစ်ရာ ဒေသအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူများ၏တက်ကြွသောအင်အားဖြင့် ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ■ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- ■ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ■ ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြိုဘွဲ့လွန်သင်တန်းများအားလုံးကို (၂၁-၁၁-၂၀၂၄) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို (၁၄-၁၁-၂၀၂၄) ရက်မှ စတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၉

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀ - ၁၀-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပခုက္ကူ	မကွေး	ဘားအံ	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဗန်းမော်	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၀၀	၃၀၆၀	၃၀၃၅	၃၀၉၀	၃၀၆၅	၃၀၇၅	၃၀၉၀	၃၀၄၅	၄၄၀၅	၃၃၀၀	၃၀၅၀	၃၀၆၅	၃၂၀၀	၃၀၈၅	၃၂၀၀	၃၆၀၅	၄၁၀၀
95 Ron	၃၂၉၀	၃၃၇၀	၃၃၄၅	၃၃၀၀	၃၃၇၅	၃၃၈၅	၃၄၀၀	၃၃၅၅	၄၄၅၅	၃၅၁၀	၃၃၆၀	၃၃၇၅	၃၄၁၀	၃၃၉၅	၃၄၁၀	၃၈၀၅	၄၂၅၀
HSD (500 ppm)	၂၆၁၅	၂၆၉၅	၂၆၇၀	၂၆၂၅	၂၆၉၅	၂၇၁၀	၂၇၂၀	၂၆၇၅	-	၂၈၃၀	၂၆၈၅	၂၇၀၀	၂၇၃၀	၂၇၂၀	၂၇၃၀	၃၁၃၅	၄၁၀၀
HSD (50 ppm)	၃၂၆၀	၃၃၄၀	၃၃၂၀	၃၂၇၀	၃၃၄၅	၃၃၅၅	၃၃၇၀	၃၃၂၅	၄၇၂၀	၃၄၈၀	၃၃၃၀	၃၃၄၅	၃၃၈၀	၃၃၆၅	၃၃၈၀	၃၇၈၅	-
HSD (10 ppm)	၃၂၆၀	၃၃၄၀	၃၃၂၀	၃၂၇၀	၃၃၄၅	၃၃၅၅	၃၃၇၀	၃၃၂၅	-	၃၄၈၀	၃၃၃၀	၃၃၄၅	၃၃၈၀	၃၃၆၅	၃၃၈၀	၃၇၈၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၂၂	၃၀၁၄
95 Ron	၃၁၂၅	၃၂၂၁
HSD (500 ppm)	၂၄၆၉	၂၅၄၈
HSD (50 ppm)	၃၀၉၇	၃၁၈၈
HSD (10 ppm)	၃၀၉၇	၃၁၈၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပျဉ်းမနားမြို့နယ် ရေဘေးသင့်နေအိမ်များ ပြန်လည်တည်ဆောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်သုံးမြို့နယ်အတွင်းမှ ကျေးရွာ လေးရွာရှိ ရေဘေးသင့်နေအိမ်များအနက် အလုံးစုံပြန်လည်ပြင်ဆင်ရမည့် နေအိမ် ၃၄ လုံး၊ တစ်စိတ်တစ်ပိုင်း ပြင်ဆင်ခြင်း ၁၀ လုံး စုစုပေါင်း ၄၄ လုံးကို အလှူရှင် CB Bank ဥက္ကဋ္ဌ၏ လှူဒါန်းငွေကျပ်သိန်း ၃၀၀၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့မွန်းလွဲပိုင်းက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပျဉ်းမနားမြို့နယ် ကျွန်းဦး ခေတ်မီစံပြကျေးရွာသို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးသွားသော ပဲကြော်ပဲလှော်ဖိုများ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ အသစ်တည်ဆောက်မှု၊ ကုန်ကြမ်းများ ဝယ်ယူကြိတ်ခွဲ လည်ပတ်နေမှုနှင့် အခြားသော ကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စာလေးခွေလုပ်ငန်းနှင့် ဆီစက်လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါလုပ်ငန်းများ အချိန်မီ ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် တန်ဖိုးမြှင့်ကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းခဲ့ပြီး သမဝါယမဦးစီးဌာနက ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်တွင် ငွေကျပ်သိန်း ၁၄၅၀ ကို သက်သာသော အတိုးနှုန်းဖြင့် ကူညီပံ့ပိုးပေးခဲ့ရာ ဒေသခံလုပ်သားများ မှီခိုအားထားနေသည့် ပဲကြော်ပဲလှော်ဖို ၄၆ ဖိုအနေဖြင့် ရာနှုန်းပြည့် ပြန်လည်လည်ပတ်နေပြီ ဖြစ်သည်။

ထို့နောက် ကျွန်းဦးကျေးရွာအတွင်း၌ ရေဘေးသင့်၍ အလုံးစုံပျက်စီးသွားသော နေအိမ်များ ပြန်လည် တည်ဆောက်ပေးနေမှု၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသောနေအိမ်များပြန်လည်ပြင်ဆင်တည်ဆောက် ပေးနေမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ကွက်သစ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်တည်ဆောက်ပေးနေသော အလုံးစုံပျက်စီးသွားသည့် ဒေါ်စုလှိုင်နှင်း၏ နေအိမ်ကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီး၍ ပြန်လည်ပြုပြင်တည်ဆောက်ပေးနေသည့် ဦးမဲ၏ နေအိမ်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်သွားရန်၊ နေအိမ်အသစ် ပြန်လည်တည်ဆောက်ပေးရာတွင် မြေပိုင်ဆိုင်မှု ခိုင်မာမှုရှိစေရေး၊ ကျူးကျော်မြေများ၊ လယ်မြေ၊ ယာမြေများ မဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးနေကြာများကို အောက်တိုဘာ ၁ ရက်မှ စတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ ၅၇၁၂ ဧကကို ရိတ်သိမ်းပြီးစီးကာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၂၄ ဒသမ ၃၀ တင်း ထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မိုင်းရှူးမြို့နယ် နမ့်ဖတ်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

မိုင်းရှူး အောက်တိုဘာ ၂၉ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် နားစံကျေးရွာအုပ်စု နမ့်ဖတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှခေး၊ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်ဖတ်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆပ်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည့်အတွက် အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မောင်နိုင်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးတက္ကသိုလ်သို့ရောက်ရှိပြီး အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် ဝိဇ္ဇာတွဲဘာသာရပ် စာမေးပွဲများ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပထမဦးဆုံး KG + 12 စနစ်သစ်သင်ရိုးဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်၍ တက္ကသိုလ်သို့ ပထမနှစ် ရောက်ရှိလာမည့် ကျောင်းသား ကျောင်းသူများကို ယခုထက် ပို၍ ထူးချွန်ထက်မြက်အောင်၊ နိုင်ငံတော်က အားကိုးအားထားပြုရမည့်သူ၊ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် သင်ကြားပို့ချရန်လိုကြောင်း၊ တက္ကသိုလ်၏ အသက်သွေးကြော ဖြစ်သည့် သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ သင်ကြားရေးအတွက် သင်ထောက်ကူ ပစ္စည်းများ၊ လက်တွေ့ခန်းသုံး ပစ္စည်းများ လိုအပ်ချက်များရှိပါက စာရင်းများပြုစု၍ ကြိုတင်တင်ပြပေးကြရန်လိုကြောင်း ပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တောင်ကြီးမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၁၀) အခြေခံပညာ အထက်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တောင်ကြီးပညာရေး ဒီဂရီကောလိပ်၌သင်တန်းတက်ရောက်လျက်ရှိသော အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၊ ရွှေညောင်မြို့ မြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးမြင့်စိုး ဝါနှင့် နေကြာစိုက် တောင်သူများနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာသို့ရောက်ရှိပြီး ဖျောက်ဆိပ်ပင်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၊ မှိုင်းပန်စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်း၊ ကလေးလယ်ယာနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းတို့မှ အသင်းသားတောင်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျောက်ဆည်မြို့နယ် အတွင်း သမဝါယမအသင်းများ၏ မိုးဝါ ၁၁၅၆ ဧကတွင် B-31 မျိုးနှင့် Raka-666 မျိုး စိုက်ပျိုးနေမှု၊ ဝါမျိုးများ၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများကို သီးနှံပေါ်ပေးစနစ်ဖြင့် ကူညီထောက်ပံ့ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရေး တိုက်တွန်းမှာကြားပြီး တောင်သူ ဦးမြင့်ဇော်သိန်းနှင့် တောင်သူ ဦးမောင်ချစ်တို့၏ စိုက်ခင်းများကို လည်းကောင်း၊ Good Brother ၊ စမ်းဝတီနှင့် ဆင်နှစ်ကောင် ကုမ္ပဏီတို့က ပံ့ပိုးပေးနေသည့် ကွန်ပေါင်းဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ရေကြည်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမ အသင်းမှ အသင်းသားတောင်သူ ဦးကျော်လင်း၏ မြေ (၇)ကေ၌ ရေဆင်း (၁) စပ်မျိုးနေကြာ ရက် ၂၀ သား စိုက်ခင်းစိုက်ပျိုးထားမှုကို အားပေးကြည့်ရှုပြီး သမဝါယမအသင်းသား နေကြာစိုက် တောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများအတွက် ရေဆင်း (၁) စပ်မျိုးနေကြာများ ထောက်ပံ့ပေးအပ်ကာ ဖျောက်ဆိပ်ပင်ကျေးရွာရှိ ဦးဝင်းခိုင်နှင့် ဒေါ်ခင်တို့၏ ဝါကြိတ် ဝါဖိစက်ရုံသို့ သွားရောက်၍ မိုးဝါဝယ်ယူရရှိ ကြိတ်ခွဲမှုအခြေအနေနှင့် ဝါဈေးနှုန်းတို့ကို မေးမြန်းလေ့လာသည်။

ယင်းနောက် မြင်စိုင်းကျေးရွာသို့ ရောက်ရှိပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် မုန့်ဖုတ်နည်းသင်တန်းရှိ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နေသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဟံမြင့်မိုရ်ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်စီးပွားမြင့်မားရေး RBF ရန်ပုံငွေဖြင့် ဒေသနွား မွေးမြူရေးလုပ်ငန်းကို အစုအဖွဲ့ (၄) ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက်ငါးလုံးကုန်းကျေးရွာသို့ရောက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာအဝင်လမ်းအရှည် (၄) ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဘီးလင်းမြို့နယ် ကရင်ချောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရန် သင်တန်းဖွင့်

ဘီးလင်း အောက်တိုဘာ ၂၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်းအား မရမ်းကုန်းကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာ၌ ရွာတွင်း ဂဝံလမ်းခင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်တိုဘာ ၂၅ ရက်က စီမံကိန်းကျေးရွာကော်မတီဝင်များအား (AVIP) သင်တန်းဖွင့်လှစ်ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။ **မောင်မွေး**

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ဖျာပုံမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအတွက် သွင်းအားစုများ ပံ့ပိုးပေးသဖြင့် မိုးစပါးများ အောင်မြင်လျက်ရှိ

ဖျာပုံ အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သမဝါယမဦးစီးဌာန၏ အစီအစဉ်ဖြင့် သမဝါယမအသင်းသားတောင်သူများသို့ မိုးစပါးများ စိုက်ပျိုးရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ ဖျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ဘုန်းကြီးသောင်ကျေးရွာ ရွှေပြည်ရန်နိုင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားများ၏ စိုက်ဧက ၉၀ အတွက် ပံ့ပိုးငွေကျပ် ၁၈ သန်းနှင့် ညီမျှသောသွင်းအားစုများ ဖြစ်သည့် ကောမက်(ပုလဲ) ၉၇ အိတ်၊ အာမို(ပိုတက်) အိတ် ၅၀ နှင့် ပေါင်းသတ်ဆေးများအား ပံ့ပိုးပေးခဲ့သည်။

အဆိုပါ သမဝါယမအသင်းသားတောင်သူများ၏ လယ်မြေများတွင် တောင်ပျံစပါးများ စိုက်ပျိုးထားရှိပြီး မိုးစပါးစိုက်ပျိုးရာသီတွင် သွင်းအားစုများ အချိန်မီပံ့ပိုးပေးသဖြင့် မိုးစပါးများ အထွက်နှုန်း ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဥယျာဉ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း (ဘားအံ)တွင် မသိုးသင်္ကန်းရက်လုပ်လေ့ကျင့်နေမှုများ လိုက်လံကြည့်ရှုအားပေး

ဘားအံ အောက်တိုဘာ ၂၉

ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၈၁၄ သန်းဖြင့် ကွန်ကရစ်လမ်း ၁၈ လမ်း လမ်းအရှည်(၃မိုင် ၁ဖာလုံ) တံတားအစင်း ၂၀၊ ရေပေးဝေရေးနှင့် အခြားလုပ်ငန်း ၄၂ ခုတို့ကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဥယျာဉ်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပသည်။ (ယာပုံ)

လမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ကွန်ကရစ်လမ်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကာ ရပ်ကွက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၂၄ ဒသမ ၂ သန်းဖြင့် အရှည် ၁၆၆၂ ပေ၊ အကျယ် ၁၈ ပေ၊ ထု ခြောက်လက်မရှိ ဥယျာဉ်လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကွန်ကရစ်လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဒုတိယအကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းအား အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက ဘားအံမြို့ ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်းတွင် သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်မည့် ကဏ္ဍများအလိုက် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရန်အတွက် လုပ်ငန်းအစီအမံများကို အသင်းသားများအားလုံး တက်ညီလက်ညီပူးပေါင်းပြီး ဆုဖလားရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနှင့် အသင်းကြီးကြပ်သူတို့က ပြိုင်ပွဲတွင် အောင်နိုင်မှုရရှိရန် ကြိုးစားဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် ကရင်ပြည်နယ်ကိုယ်စားပြုအသင်းအား ငွေကျပ် ၈၆ သိန်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း (ဘားအံ) ၏ သင်တန်းခန်းမအတွင်း အသင်းသူများ၏ မသိုးသင်္ကန်းရက်လုပ်လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပုသိမ်ရုံးခွဲရှိ ဝန်ထမ်းများအားတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းက AZURA RESORT HOTEL၌ ချောင်းသာ ညစျေးတန်းဖွင့်လှစ်ရန် တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ခရီးသွားဧည့်သည်များ ဒေသထွက်အစားအစာများ၊ လွယ်ကူအဆင်ပြေစွာ စားသောက်၊ ဝယ်ယူနိုင်ရေးနှင့် အမှတ်တရပစ္စည်းများ ရောင်းချနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဟိုတယ်များ၌ ဧည့်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုသိမ်ရုံးခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ချောင်းသာကမ်းခြေဒေသ ခရီးသွားလုပ်ငန်း စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြား၍ ပုသိမ်ရုံးခွဲရုံးသစ်အဆောက်အဦဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် ပုသိမ်မြို့ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး ဘုရားဖူး ခရီးသွားများအတွက် ဝန်ဆောင်မှုပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ မှီခိုသူ အကျိုးခံစားခွင့်ခံစားရရှိ

နေပြည်တော် အောက်တိုဘာ ၂၉

မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့(PERKESO)၌ အကျုံးဝင် မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမား မောင်ကျော်မြင့်ဦး (MD 372855) သည် မလေးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် လုပ်ငန်းခွင်ထိခိုက်သေဆုံးခဲ့မှုအတွက် မလေးရှားနိုင်ငံ အလုပ်သမားများ၏ လူမှုဖူလုံရေးအက်ဥပဒေ (Act – 4) အရ မှီခိုသူ အကျိုးခံစားခွင့်ရရှိရန် မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့သည် သက်ဆိုင်ရာမိသားစုများနှင့် ချိတ်ဆက်၍ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO)သို့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဇနီးဖြစ်သူ ဒေါ်စန်းစန်းရင်သည် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့မှပေးအပ်သည့် မှီခိုသူ အကျိုးခံစားခွင့် ငွေကျပ် ၂၄၉၉၃၅၂၈ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ပြည်ပ၌ တရားဝင် အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဖူလုံရေးအခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) နှင့် လူမှုဖူလုံရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MOC) ကို ၂၀၂၀ ပြည့်နှစ်က လက်မှတ်ရေးထိုးခဲ့ပြီး မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO)၌ အကျုံးဝင် မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမားများ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရန် မလေးရှားနိုင်ငံ အလုပ်သမားများ၏ လူမှုဖူလုံရေး အက်ဥပဒေ (Act – 4) အရ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမား ၃၂ ဦး၏ လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များအား မှီခိုသူမိသားစုဝင်များက ရရှိခံစားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လူမှုဖူလုံရေးအဖွဲ့
မှီခိုသူအကျိုးခံစားခွင့်ပေးအပ်ခြင်း

ရွှေတောင်မြို့နယ်၌ ဆောင်းရာသီ ဆီထွက်သီးနှံ ၂၁၈၂၂ ဧက လျာထားစိုက်ပျိုးသွားမည်

ရွှေတောင် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ရာသီအလိုက်သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တောင်သူများအနေဖြင့် ဒေသတွင်းစားသုံးဆီဖူလုံပို့လျှံရန်အတွက် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၂၁၈၂၂ ဧက စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားဆောင်ရွက်လျက်ရှိပြီး ဆောင်းသီးနှံစိုက်ခင်းများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ ၁၅၈၉၃ ဧက၊ နှမ်း ၅၁၉၄ ဧက၊ နေကြာ ၇၃၅ ဧက စုစုပေါင်း ၂၁၈၂၂ ဧက စိုက်ပျိုးနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိပြီး မြေပဲ ၈၃၉၃ ဧက၊ နှမ်း ၁၉၈၅ ဧက စုစုပေါင်း ၁၀၃၇၈ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်တိုး အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သည့် မျိုးစေ့၊ စိုက်ပျိုးရေး နည်းပညာနှင့် အထောက်အပံ့များကို တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)



မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရွှေရောင်ဆွမ်းအုပ်ကြီးနှင့် စိမ်းလန်းစိုပြည် လှပတင့်တယ်နေသော ဟံသာဝတီအဝိုင်းကို မြင်တွေ့ရစဉ်။

❑ ***ရှေ့ဖုံးမှ***

ယင်းနေ့ နံနက်ခင်းခရီးစဉ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများက အလုံလမ်းနှင့် ပြည်လမ်းမီးပွိုင့်မှ မင်္ဂလာဒုံမြို့နယ်ထောက်ကြန့်လမ်းဆုံအထိ ရန်ကုန်–ပြည်လမ်းတစ်လျှောက် မြို့တော်ကြီး၏ သန့်ရှင်းသာယာ သပ်ရပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးမည့် ခရီးစဉ်ဖြစ်သည်။

ဦးစွာ ပြည်သူ့ရင်ပြင်မှ စတင်ထွက်ခွာခဲ့ကြရာ ပြည်သူ့ရင်ပြင်ရှေ့တွင် ပြည်လမ်းမကြီး ဘေးဝဲ/ယာ ကတ်တုံးများနှင့် လမ်းလယ်ကျွန်းကတ်တုံးများကို အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဝန်ထမ်းများက သတ်မှတ်ထားသည့် ဖြူနီကျားနှင့် အခြားသတ်မှတ်ထားသည့် လမ်းအမှတ်အသားများ ထင်ရှားပေါ်လွင်စေရန် ဆေးကြောသန့်စင်အရောင်ဖွင့်ပေးနေကြသည်ကို တွေ့ရှိရသည်။

ထို့နောက် မြေနီကုန်းတံတားကို ဖြတ်ကျော်လာစဉ် အလားတူ လမ်းဘေးကတ်တုံးများနှင့် လမ်းလယ်ကျွန်းကတ်တုံးများ ဆေးကြောသန့်စင်ပေးနေကြသည်ကို တွေ့မြင်ရပြန်သည်။

ထို့ပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် တည်ဆောက်ပေးထားသော ပြည်လမ်းမကြီးတစ်လျှောက် ခုံးကျော်တံတားများအနက် မဟာမြိုင် ခုံးကျော်တံတားကိုလည်း တွေ့မြင်ရသည်။

ဟံသာဝတီအဝိုင်း

မကြာမီတွင် ဟံသာဝတီအဝိုင်းကို ရောက်ရှိလာရာ ဟံသာဝတီအဝိုင်းသည် လမ်းမကြီးလေးခုဆုံရာဖြစ်၍ ရှေးမူမပျက် မူလအဝိုင်းအတိုင်းသာ ဆက်လက်ထားရှိပြီး အဝိုင်းပေါ်တွင် ရောင်စုံရွက်လှပန်းများဖြင့် စိုက်ပျိုးအလှဆင် ပုံဖော်ထားရုံသာမက အဝိုင်း၏အလယ်ဗဟိုတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရွှေရောင်တဝင်းဝင်းနှင့် ဆွမ်းအုပ်ကြီး တည်ထားပုံမှာ ရန်ကုန်မြို့တော်၏ ဂုဏ်ယူဝင့်ကြွားစရာ ပြယုဂ်တစ်ခုဖြစ်သည်။

ရှေ့တွင် မကြာမီဖြတ်သန်းတော့မည့် ယခင်ကမာရွတ်အဝိုင်းကြီးတွင်မူ ခေတ်နှင့် အံဝင်ခွင်ကျဖြစ်စေရန် ခေတ်မီခုံးကျော်တံတားကြီးနှင့် ဒစ်ဂျစ်တယ်အချက်ပြမီးပွိုင့်များဖြင့် အစားထိုးတည်ဆောက်ပြုပြင်ထားသည်။

ကမာရွတ်အဝိုင်းသည် ရန်ကုန်–ပြည်လမ်း၊ ရန်ကုန် – အင်းစိန်လမ်း၊ လှည်းတန်းလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း စသည့် လမ်းမကြီးငါးခုဆုံရာဖြစ်၍ ယနေ့ တိုးပွားလာသည့် မြို့တော်လူဦးရေနှင့် များပြားလာသည့် ယာဉ်စီးရေအတွက် အချိန်မကြန့်ကြာဘဲ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန်နှင့် ဘေးကင်းလုံခြုံစေရန်အတွက် ကြိုတင်တွက်ဆဆောင်ရွက်ပေးထားသည့် နိုင်ငံတကာအဆင့်မီ လမ်းပန်းဆက်သွယ်ရေး စနစ်တစ်ခုဖြစ်သည်ကို တွေ့လိုက်ရသည်။

အင်းလျားကန်အလှ

ထိုမှလွန်သော် ရန်ကုန်စီးပွားရေးတက္ကသိုလ်ထောင့် မီးပွိုင့်ကိုဖြတ်သန်းလိုက်ချိန်တွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ပြုပြင်ထိန်းသိမ်းထားသော မြေထိန်းနံရံကြီးနှင့် ရန်ကုန်မြို့ဂုဏ်ဆောင် အင်းလျားကန်အလှကို တွေ့မြင်ရသည်။ အင်းလျားကန်အလှကို မြို့တော်စည်ပင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)သာမက ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ အင်ဂျင်နီယာဌာန(ရေစီးရေလာ) စသည့် ဌာနများကပါ ပူးပေါင်းတာဝန်ယူကာ ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။

ထို့ကြောင့်လည်း ကန်ပေါင်ပေါ်ရှိ ကွန်ကရစ်လျှောက်လမ်းမကြီးပေါ်တွင် နံနက်စောစော ကျန်းမာရေးအတွက် လမ်းလျှောက်သူများ၊ လေ့ကျင့်သူများ၊ တေးသွားနှင့်အညီ စုပေါင်းလေ့ကျင့်ခန်းဆောင်ရွက်နေသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိသည်။ ထို့ပြင် အသင့်တပ်ဆင်ပေးထားသော ခေတ်မီ အားကစားလေ့ကျင့်ရေး ကိရိယာများတွင်လည်း လူကြီး၊ လူငယ်၊ ကျား၊ မ အစုံ လေ့ကျင့်လှုပ်ရှားလျက်ရှိကြသည်။

မကြာမီတွင် အင်းလျားလေးစခန်းရှေ့သို့ ဖြတ်သန်းနေကြသည်။

ရှေးယခင်ကရှိခဲ့သည့် အင်းလျားကန်ကြီးကိုဖြတ်ကာ ရန်ကုန်–ပြည်လမ်းမကြီးကို ဖောက်လုပ်ခဲ့ရာ လမ်းမကြီး၏ အရှေ့ဘက်ခြမ်းတွင် အင်းလျားကန်ကြီး လှပစွာဆက်လက်တည်ရှိနေပြီး လမ်းမကြီး အနောက်ဘက်ခြမ်းတွင် အင်းလျားကန်ငယ်ကလေးတစ်ခု ဖြစ်ပေါ်လာ၍ အင်းလျားလေးဟု အမည်တွင်ခဲ့သည်။

ယခုအခါ အင်းလျားကန်ကြီးနှင့် အင်းလျားလေးနှစ်ခုစလုံး၏ ကန်ရေပြင်များ အစဉ်သန့်ရှင်း ကြည်လင်နေစေရန် ဆိုလာစနစ်သုံး လျှပ်စစ်ရေပန်းများ တည်ဆောက်ပေးထားသည်။

ထို့ပြင် လှိုင်တက္ကသိုလ်နယ်မြေ ကန်ပေါင်ပတ်လည်တွင် ကျောင်းသားကျောင်းသူများအပါအဝင် အများပြည်သူ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ဘေးကင်းလုံခြုံစေရေးအတွက် လူသွားလမ်းများ ဖော်ထုတ်ပေးခြင်း၊ မူလပါရမီလမ်းမကြီးကို ချဲ့ထွင်တည်ဆောက်ပေးခြင်း၊ လမ်းဘေးပလက်ဖောင်း တစ်လျှောက် LED လျှပ်စစ်မီးတိုင်များ တပ်ဆင်ပေးထားခြင်းနှင့် ကြည်နူးသာယာဖွယ်ရှုခင်းများ ပေါ်ပေါက်လာစေရန် Royal Palm ခေါ် တော်ဝင်အုန်းပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးပုံဖော်ပေးထားခြင်းတို့ကိုလည်း တွေ့ရသည်။

ရှစ်မိုင်ခုံးကျော်တံတားကို ဖြတ်သန်းပြီး မကြာမီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းဆုံမီးပွိုင့်သို့ ရောက်ရှိလာကြသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ဧည့်သည်များ ရောက်ရှိလာကြပြီး လေဆိပ်မှ ရန်ကုန်မြို့တွင်းသို့ ထွက်ခွာလာချိန်တွင် အဆိုပါမီးပွိုင့်သို့ ရောက်ရှိချိန်၌ ဦးစွာမြင်တွေ့လိုက်ကြရမည်မှာ “ရန်ကုန်မြို့မှ ကြိုဆိုပါ၏” ဆိုသည့် Digital LED ရောင်စုံလျှပ်စစ်မီး ကြိုဆိုရေးဆိုင်းဘုတ်ကြီးပင်ဖြစ်သည်။

အဆိုပါ ဆိုင်းဘုတ်ကြီးကို မြင်တွေ့ကြပြီးနောက် လမ်းဘေး/ဝဲယာ တစ်လျှောက် မြင်ကွင်းများကြောင့်လည်း ရန်ကုန်မြို့တော်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော်ထားသော GREEN CITY, CLEAN CITY, SMART CITY ဟူသော ဂုဏ်ပုဒ်များနှင့် ညီညွတ်ပါပေသည်ဟု မှတ်ချက်ပြုကာ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းထားသော သာယာလှပသည့် မြို့တော်ကြီးအဖြစ် စွဲမက်သွားကြမည်သာဖြစ်သည်။

ရန်ကုန်မြို့တော်သူ မြို့တော်သားများအတွက် ဂုဏ်ယူစရာပင် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ယင်းဂုဏ်ပုဒ်များ အညီ အစဉ်တည်တံ့စေရန် ပြည်သူများကလည်း ပါဝင်ပူးပေါင်း ထိန်းသိမ်းကြရန် လိုအပ်ပေသည်။

ထိုမီးပွိုင့်မှလွန်ပြန်သော် ရန်ကုန်မြို့၏ တစ်ခုတည်းသော ပွဲရုံနယ်မြေကြီးဖြစ်သည့် စော်ဘွားကြီးကုန်း ပွဲရုံကြီးများ တည်ရှိရာနယ်မြေကို တွေ့ရသည်။

ရန်ကုန်မြို့တွင် အိမ်ဆောက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ တစ်နေရာတည်းတွင် အစုံအလင်ရရှိနိုင်သည့် ပွဲရုံကြီးများ တည်ရှိနေသည်။

ထို့ကြောင့် ပွဲရုံနယ်မြေအတွင်း နေ့စဉ်လှုပ်ရှား သွားလာနေကြသော ကုန်တင်ယာဉ်ကြီးများ အပါအဝင် ယာဉ်ကြီး ယာဉ်ငယ် အသွယ်သွယ်အတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကောင်းမွန်စေရန် ရန်ကုန်မြို့တော်စည်ပင်က နေ့စဉ်ပြုပြင်ထိန်းသိမ်းပေးလျက်ရှိသည်။

မကြာမီတွင် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းဆုံမီးပွိုင့်သို့ ရောက်ရှိလာသည်။

အဆိုပါ မီးပွိုင့်သည်လည်း အရေးပါသည့် မီးပွိုင့်ကြီး တစ်ခုဖြစ်သည်။ ရန်ကုန်–ပြည်လမ်းမကြီးနှင့် ရန်ကုန်အရှေ့မှ အနောက်သို့ မြို့သစ်များကို ဆက်သွယ်ပေးထားသည့် လမ်းမကြီးများ ဆုံရာဖြစ်သည်။ သို့ဖြစ်၍ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှု မဖြစ်စေရန် ခေတ်မီမီးပွိုင့်စနစ်ဖြင့် ထိန်းသိမ်းပေးထားသည်ကို တွေ့ရသည်။

စက်ဘီးလမ်းများ ထည့်သွင်းတည်ဆောက်

ထို့ပြင် ရန်ကုန်–ပြည်လမ်းမကြီးတစ်လျှောက် လိုအပ်သည့်နေရာတိုင်းတွင် ယခင်ကမရှိခဲ့သည့် စက်ဘီးလမ်း (Bike Lane) များကိုလည်း ထည့်သွင်းတည်ဆောက်ပေးထားသည်ကို တွေ့မြင်ရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူများ မွေးဖွားသည်မှ ကွယ်လွန်သည်အထိ ဝန်ဆောင်မှုပေးနေသော ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးဖြစ်သည်။

ပြည်သူများ ဘေးကင်းလုံခြုံရေး၊ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု အခွင့်အလမ်းများကို ကြိုတင်မျှော်မှန်းကာ အစဉ်အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့တော်သည် နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်ရာ လမ်းတံတားများ၊ မြေအောက် ဥမင်လမ်းများ၊ လူသွားစင်္ကြံလမ်းများ၊ နောက်ဖေးလမ်းကြားများ၊ ရေမြောင်းများ၊ ရေထုတ်ပြွန်များ၊ စက်ဘီးလမ်းများ စသည်တို့ အပါအဝင် လမ်းနှင့်တံတား တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို တစ်နှစ်ပတ်လုံး ရာသီအလိုက် တည်ဆောက်ပြုပြင် ထိန်းသိမ်းလျက်ရှိသည်။

ယင်းနောက် ထောက်ကြန့်လမ်းဆုံသို့ ရောက်ရှိလာခဲ့သည်။ ထောက်ကြန့်လမ်းဆုံ မီးပွိုင့်သည် ရန်ကုန်–ပြည်လမ်း၊ ရန်ကုန်–မန္တလေးလမ်း (ယခုအမြန်လမ်းမကြီးနှင့် ယခင်လမ်းဟောင်း)တို့အတွက် အချက်အချာ မီးပွိုင့်ကြီးဖြစ်သည်။

မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မီးပွိုင့် ၃၃၃ ခု အနက် ယခုအခါ ဆိုလာစနစ် ၂၀၀ အထိ တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ ယင်းဆိုလာစနစ် ၂၀၀ ထဲတွင်လည်း ရန်ကုန်–ပြည်လမ်းမကြီးပေါ်ရှိ ၁၉ ခု ပါဝင်သည်။

ထိုသို့ စဉ်းစားကြည့်နေစဉ် မီးပွိုင့်စိမ်းသွား၍ ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာကြတော့သည်။ ။

ရန်ကုန် ပြည်လမ်း အင်းလျားကန်ပေါင်ပေါ်ရှိ ရှုခင်းအလှများနှင့် ပျော်ရွှင်စွာအပန်းဖြေနေကြသည့် ပြည်သူများကို တွေ့ရစဉ်။

သတင်းဆောင်းပါး – မြတ်စိုး (လှိုင်)
ဓာတ်ပုံ–စောသိန်းဝင်း
(မြို့တော်သတင်း)

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွား ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထား

ရန်ကုန် အောက်တိုဘာ ၂၉

လာမည့် ခရီးသွားရာသီတွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွား ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။

“ပုဂံကို ပြည်ပခရီးသွား ၁၀၀၀၀ နီးပါး ၂၀၂၃ ခုနှစ်မှာ စက်တင်ဘာလအထိ ဝင်ရောက်ခဲ့တယ်။ ကာလတူ နှိုင်းယှဉ်ရင် ၂၀၂၄ ခုနှစ်မှာ ၁၀၀၀၀ ကျော်အထိ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ သီတင်းကျွတ်ပွဲတော်ကာလမှာလည်း ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်မှု များခဲ့တယ်။ ဒါကြောင့် လာမယ့်ခရီးသွားကာလမှာ ပုဂံယဉ်ကျေးမှုနယ်မြေကို ပြည်ပခရီးသွား ပိုမိုဝင်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ပုဂံဒေသဟာ ပြည်တွင်းခရီးသွားသာမက ပြည်ပခရီးသွားတွေ နှစ်ခြိုက်တဲ့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှု အမွေအနှစ်ဒေသမို့ လာရောက်လည်ပတ်ဖို့ နွေးထွေးစွာ ဖိတ်ခေါ်ပါတယ်” ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာတွင် ထင်ရှားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပေါကြွယ်ဝသော နေရာတစ်ခုဖြစ်သည့်အတွက် နှစ်စဉ် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိပြီး ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးအတွက် ရှေးဟောင်းရေကန်များနှင့် ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားအေဂျင်စီများသည် ပုဂံခရီးစဉ်အတွက် ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးရာတွင် ပုပ္ပားတောင်နှင့် ပုပ္ပားတောင်အမျိုးသားဥယျာဉ်တို့ကိုပါ တစ်ဆက်တည်း ဝင်ရောက်လည်ပတ်သော ခရီးစဉ်ဒေသများအဖြစ် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းကျွတ်ကာလတွင် ပုဂံနှင့်ပုပ္ပားသို့ ခရီးသွားဝင်ရောက်မှုများပြားခဲ့ပြီး လာမည့် တန်ဆောင်တိုင်ပွဲတော်ကာလတွင်လည်း ခရီးသွားဝင်ရောက်မှု များပြားနိုင်သည့်အတွက် ဒေသရှိ ဟိုတယ်၊ တည်းခိုခန်း၊ ဒေသထွက်ကုန်၊ အစားအသောက်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများသည် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“သီတင်းကျွတ်ပွဲတော်ကာလ ပိတ်ရက်တွေမှာ ဟိုတယ်အခန်းအားလုံး ပြည့်တဲ့အထိ ခရီးသွား များခဲ့ပါတယ်။ လာမယ့် တန်ဆောင်တိုင်ပွဲတော်ကာလ ပိတ်ရက်အတွက် အခန်းကြိုတင်စာရင်းပေးတာလည်း ပြည့်နေပါပြီ။ ကျွန်တော်တို့ဆီမှာ ပြည့်နေတဲ့အတွက် တခြားဟိုတယ်တွေကို လွှဲပြောင်းပေးရတာ ရှိပါတယ်။ ပုဂံဒေသဟာ ခရီးသွားအကြိုက် ဒေသတစ်ခုဖြစ်တဲ့အတွက် ခရီးသွားအားလုံးကို ဝန်ဆောင်မှုကောင်းတွေနဲ့ စောင့်ကြိုနေပါတယ်” ဟု ပုဂံဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဆရာတော်ဘဒ္ဒန္တရေဝတ (အရှင်ရေဝတ-ရွှေကွမ်းသား)က အလှူငွေကျပ် ၁၀ သိန်း၊ ဘဒ္ဒန္တ ကေလာသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ပဏ္ဍိတာရာမကျောင်းတိုက်က ငွေကျပ်သုံးသိန်း၊ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၂၈၀၀၀၀၊ အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) - စာရေးဆရာမ (မလေးယဉ်) မိသားစုနှင့် အင်းစိန်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ လှိုင်မြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ကြယ်နီလေး (ဥပဒေ)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်(မောင်မောင်-စင်ထရယ်)၊ သံဖြူဇရပ်မြို့နယ်စာရေးဆရာအသင်းနှင့် ပုဗ္ဗသီရိမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဒေါ်သဥ္ဇာလှိုင် (နှင်းစက်-လားရှိုး) က ငွေကျပ် ၁၅၀၀၀ ပေးအပ်လှူဒါန်းကြပြီး ဆရာတော်ဘဒ္ဒန္တရေဝတ(အရှင်ရေဝတ-ရွှေကွမ်းသား)က အသင်းမဂ္ဂဇင်းထုတ်ဝေရန်အတွက် ငွေကျပ် ၁၀ သိန်း ထပ်မံလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး) နှင့် ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး(ဝဲပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

လှည်းကူးမြို့နယ် စစ်ပင်မြောက်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စစ်ပင်မြောက်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မဝိဟာရကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။**(ယာပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၆၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အထက(သုဝဏ္ဏ)ကျောင်း၌ ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ် သင်တန်းကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး Grade-11၊ Grade-12 တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းကို သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ) ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ သင်္ဃန်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို သင်္ဃန်းကျွန်းခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ ဒဂုံမြို့သစ် ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၇၅ ဦး၊ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းမှ ၆၃ ဦး၊ နိုင်ငံတကာ သင်ရိုးသင်ကျောင်း မှ ၂၄ ဦး စုစုပေါင်း ၁၆၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သိန်းအောင်

ရန်ကုန်မြို့တွင် နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှုမြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။

(၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်
မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ

အဆိုပြိုင်ပွဲ
(မဟာဂီတ)

မဟာဂီတ အဆိုပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း “ပန်းတသင်းသင်း” (ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

ဒိုးပတ်
(အတီး)

ဒိုးပတ် အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြည့်ဖြိုးမော် (ခ) မော်ကြီးနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။

စန္ဒရား(အတီး)

စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာ(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မခင်လင်းလဲ့သူ “အောင်မင်္ဂလာ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

ဆိုင်းတစ်ဦးချင်း(အတီး)

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်မြင့်မြတ်သူ “ဝေဇယန္တာ” (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

စောင်း(အတီး)

စောင်းအတီးပြိုင်ပွဲ အခြေခံပညာ(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မခင်ကြာဖြူဟန် “သီလာမြေယံ”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် “သန္တုဋ္ဌီစ” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

(၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်
မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
အတီးပြိုင်ပွဲ
နေပြည်တော်

ဆိုင်းအဖွဲ့လိုက်

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း)၌ ပထမဆု ရရှိသည့် ရှမ်းပြည်နယ်မှ မမိုမိုမင်းဦး (ခ) ဖြူလုံးနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။

အဆို

ကာလပေါ် / ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ “ချစ်စရာ့ ရွှေတမာ” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။

အက

အကပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောစည်သူကျော်၏ ကပြယှဉ်ပြိုင်ဟန်။

ဆိုင်းတစ်ဦးချင်း

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဇာဇာလင်းထွေး (ခ) ပေါက်ကျော်မ “ရွှေညီလာ” (လေးထွေသံကတ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

စန္ဒရား(အတီး)

စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာ(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပူးတွဲပထမဆုရရှိသည့် ကရင်ပြည်နယ်မှ မောင်ထက်ဦးခန့် “မြိုင်ယံရွှေလျှံ”(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

နေပြည်တော်
မန္တလေးတိုင်းဒေသကြီး

မဟာဂီတအဆို

မဟာဂီတအဆိုပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသော်တာရတီတိုး “မြိုင်ဟေမာ” (ယိုးဒယား) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ် ။

အင်ဂျင်နီယာပညာရေး၏ အဓိပ္ပာယ်

ကိုချင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေးသည် ၁၉၂၃ ခုနှစ်၌ စတင်တည်ထောင်ခဲ့သော ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာပညာမဟာဌာနမှ စတင်ပေါက်ဖွားခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးမှာ နှစ် ၁၀၀ တိုင်ခဲ့ပြီ ဖြစ်ပါသည်။

“အင်ဂျင်နီယာပညာဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်တို့ကို လေ့လာသင်ကြားလေ့ကျင့်မှုအတွေ့အကြုံများမှ ရရှိလာသော အသိပညာနှင့် အတတ်ပညာများကို အခြေခံကာ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်း ကျင်ထိခိုက်မှု အနည်းဆုံးဖြင့် အသုံးချပြီး လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသော အဆောက်အအုံများ၊ စက်၊ ယာဉ်ယန္တရားများ၊ ကိရိယာတန်ဆာပလာများ၊ စွမ်းအားများ၊ ဝတ္ထုပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များကို ဒီဇိုင်းတွက်ချက် တည်ဆောက်၊ ထိန်းသိမ်းပေးနိုင်သည့် အသိဉာဏ်နှင့် ယှဉ်ပြီးအသုံးချရသောပညာရပ် ဖြစ်ပါသည်” ဟူ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေက ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

အင်ဂျင်နီယာပညာရေးအား အဓိပ္ပာယ်ဖွင့်ဆိုလာခဲ့သည့် ရာစုနှစ်တစ်ခု

အင်ဂျင်နီယာများ၏ ပညာရေးနှင့် ပြည်သူလူထု စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့နှင့် ကျယ်ကျယ်ပြန့်ပြန့်ဆက်နွှယ်မှုများကြားတွင် မည်ကဲ့သို့သော နည်းလမ်းများနှင့် ဆက်စပ်ပတ်သက်နေသည်ကို သိရှိရန်လိုအပ်ပါသည်။

ဆက်နွှယ်နေသည့် အရာများတွင် လူမှုရေး၊ မြင့်မားသောဉာဏ်ရည်၊ စီးပွားရေးလုပ်ငန်းများအပြင် အခြားအရာများလည်း ရှိနေပါလိမ့်မည်။ မြောက်မြားစွာသော ချဉ်းကပ်မှုများကြောင့် ပညာရပ်ဆိုင်ရာ ချဉ်းကပ်လေ့လာမှုများသည် ဤပညာရပ်၏ တန်ဖိုးထားစရာ အရည်အသွေးများပင် ဖြစ်ပါသည်။

လူ့ဘောင်ဘဝတွင် လူမှုရေး၊ စီးပွားရေးဆိုသည်မှာလည်း အချင်းချင်း အပြန်ပြန်အလှန်လှန် ဆက်နွှယ်မှုများ ရှိနေပါသည်။ အင်ဂျင်နီယာပညာရေးနှင့် လူ့ဘောင်ဘဝတို့ ဆက်နွှယ်မှုများကြားတွင် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေမှုများသည်လည်း လားရာ၊ ရှုထောင့် တစ်ခုတည်းကချည်း မဟုတ်သည်ကို တွေ့နေရပြန်ပါသည်။

သဘာဝပတ်ဝန်းကျင်၏ ဖြစ်ပျက်ပြောင်းလဲမှုကလည်း အင်ဂျင်နီယာများ၏ ပညာရေး၊ ကျင့်ဝတ်စည်းမျဉ်း၊ စံချိန်စံညွှန်းများအပေါ် သက်ရောက်မှု ရှိနေတတ်ပါသည်။ အလားတူပင် အင်ဂျင်နီယာများ၏ ပညာရပ်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကလည်း ပတ်ဝန်းကျင်အပေါ် ကျယ်ကျယ်ပြန့်ပြန့် အကျိုးသက်ရောက်မှု ရှိနေပြန်ပါသည်။ လူမှုရေး၊ စီးပွားရေး၊ နည်းပညာရပ်ဆိုင်ရာများနှင့် အင်ဂျင်နီယာပညာရပ်များအကြားမှာရှိသည့် အချို့သော ဆက်နွှယ်ပတ်သက်မှုများသည် လူမှုဘဝ ပြဿနာအခက်အခဲများကို တည်ငြိမ်အေးချမ်းမှုပေးနိုင်ပြီး အခက်အခဲများကို လျှော့နည်းစေနိုင်ပါသည်။

ထို့ကြောင့် အင်ဂျင်နီယာပညာရေးဆိုသည်မှာ ကျယ်ပြောလှသည့် လူမှုသိပ္ပံ – နည်းပညာ – စီးပွားရေးပညာတို့၏အကြား အချင်းချင်း အပြန်အလှန်ချိတ်ဆက် အကျိုးပြုနေမှုများအပေါ် စူးစမ်းမွေနှောက်လေ့လာထားသည့် ယထာဘူတကျသော အတွေးအခေါ်တစ်ခု ဖြစ်လာစေပါသည်။

အင်ဂျင်နီယာပညာရေး၏ အခန်းကဏ္ဍအပေါ် ပြည်သူလူထုအကြား အချီအချအပြန်အလှန် ဆွေးနွေးခြင်းများမှာ ပညာရပ်ဆိုင်ရာ သဘောထားအပေါ် အခြေခံသော ယထာဘူတကျကျ တွေးခေါ်မှုသည် ဘယ်လောက်အတိုင်းအတာအထိ ခရီးရောက်နေသည်ကို သိစေရန် အင်ဂျင်နီယာ ပညာရေး၏ လိုအပ်ချက်များကို မည်ကဲ့သို့ ပြုပြင်ဆောင်ရွက်မည်ဆိုသည့် သတ်မှတ်ချက်များကို ပြဋ္ဌာန်းဆောင်ရွက်လာကြပါသည်။

အစဖြစ်တည်မှု၏ သဘာဝကို အဓိပ္ပာယ်ရှိရှိ လေ့လာသောအခါ အင်ဂျင်နီယာပညာရပ်၏ အခန်းကဏ္ဍမှာ မပါမဖြစ်ရှိနေပြန်ပါသည်။ ၁၉၁၈ ခုနှစ် Mann အစီရင်ခံစာတွင် “အင်ဂျင်နီယာပညာရေး” ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ကြပြီး ၂၀၀၄ ခုနှစ်မှာ “သက္ကရာဇ် ၂၀၂၀ ၏ အင်ဂျင်နီယာ” (“The Engineer of 2020”) အထိ ရွေးချယ်ထားသော မူဝါဒစာတမ်းများက အဓိပ္ပာယ်သတ်မှတ် ဖွင့်ဆိုကြပါသည်။

အင်ဂျင်နီယာပညာရေး၏ ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း မူဝါဒရေးဆွဲဖန်တီးသူများက ထုတ်ပြန်ခဲ့ပါသည်။ အင်ဂျင်နီယာပညာရေး၏ ဦးတည်ချက်များကို သတ်မှတ်ပြဋ္ဌာန်းသောအခါမှာ ကြီးမားသောကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်သောကြောင့် မူဝါဒရေးရာ ဆွေးနွေးချက်များတွင် အင်ဂျင်နီယာပညာရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အချိန်နှင့်အမျှ ပြောင်းလဲသွားနိုင်သည်ဆိုသည်ကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။

ယင်းတို့တွင် အသေးစိတ်အဓိပ္ပာယ်နှင့် အကြွင်းမဲ့မှန်ကန်သော ဥပဒေသများကို ထည့်သွင်းရေးဆွဲခဲ့ကြပါသည်။ အင်ဂျင်နီယာဆိုင်ရာ ပညာရပ်များကို မည်သည့်နည်းလမ်းများနှင့် ဆောင်ရွက်ကြမည်၊ ဘာကြောင့်ဆောင်ရွက်ကြရသည် ဆိုသည်များကအစ ဖော်ပြရေးသားထားကြပါသည်။ ဆောင်ရန်၊ ရှောင်ရန် အချက်များလည်း ပါဝင်ပါသည်။

အင်ဂျင်နီယာပညာရေးသည် ဘယ်လို၊ ဘာကြောင့် ဤနည်းနှင့်သွားမည်၊ မသွားဘူး စသည် ထိုးထွင်းသိမြင်ဖို့ရန် တိုက်ရိုက်သော်လည်းကောင်း၊ သဘောတရား မျှသော်လည်းကောင်း အတိအလင်း ဖွင့်ဆိုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်မျိုးလုံး ပါဝင်နေသည်ကို တွေ့ရပါသည်။ ဤအဓိပ္ပာယ်သတ်မှတ်ချက်များကြောင့် တင်းမာမှုများပေါ်ပေါက်စေခဲ့ပါသည်။ ဥပမာ အင်ဂျင်နီယာဘာသာရပ်ကို ဘယ်လိုသင်ကြားပေးကြမလဲဆိုသော အကြောင်းအရာမျိုးများ၊ ဒါဟာ နည်းပညာဆိုင်ရာ ဘာသာရပ်လား၊ လူမှုရေးဆိုင်ရာ ဘာသာရပ်လား၊ နှစ်ခုလုံးနှင့် သက်ဆိုင်နေသော (ဒွိစုံ–ဒွိစုံ) နှစ်ခု–နှစ်မျိုး တွဲယှဉ်သော ဘာသာရပ်လား စသည်ဖြင့် ဖြစ်ပေါ်လာပါသည်။ ဤသို့သော အကြောင်းအချက်များကြောင့် နှစ်ပေါင်း ၈၄ နှစ်ကျော် သက်တမ်းကြာလေ့လာခဲ့ရသည်အထိ ဤကိစ္စသည် အရေးပါလာခဲ့ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးကြောင့် ပေါင်းစည်းမှုမရှိခြင်းနှင့် အားပြိုင်မှုဖြစ်နေသည်ကို စာတမ်းအသီးသီးက မီးမောင်းထိုးပြခဲ့ပါသည်။

အခြေခံသဘောတရားနှင့် ကန့်သတ်မှုဘောင် (တက္ကဗေဒအခြေခံစနစ်)

အဆိုပါစာတမ်းများတွင် ကျယ်ကျယ်ပြန့်ပြန့် မေးခွန်းထုတ်ထားသည်မှာ အင်ဂျင်နီယာပညာရေးနှင့် လူမှုအသိုက်အမြုံ၏ အကြောင်းခြင်းရာများ တစ်ခုအပေါ်တစ်ခု အကျိုးသက်ရောက်မှုရှိနေသည်ကိုပဲ ဖြစ်ပါသည်။ အထူးစိတ်ဝင်စားစရာကောင်းစေသည်မှာ အင်ဂျင်နီယာပညာရေးနှင့် အချိန်နှင့်အမျှ ပြောင်းလဲနေသော ယင်းနှင့်ဆက်နွှယ်နေသည့် အခြင်းအရာများအကြားက ရှုပ်ထွေးသည့် ဆက်စပ်မှုများသည် ဘယ်လိုတွေဖြစ်မလဲ ဆိုသည်ပင်ဖြစ်ပါသည်။

ဤအကြောင်းအရာနှင့် ဘာသာရပ်၏ ကျယ်ပြန့်မှုသည် ခဲယဉ်းသော ကိစ္စတစ်ခုဖြစ်လာစေသည် ဆိုသော်ငြားလည်း အင်ဂျင်နီယာပညာရေး၏ ရည်မှန်းချက်သည် လူမှုရေး၊ စီးပွားရေး၊ ဉာဏ်ပညာဆိုင်ရာများနှင့် အခြားသောဆက်နွှယ်နေသည့် အခြင်းအရာများပေါ် မူတည်နေသဖြင့် လျော်ကန်သင့်မြတ်သော ကိစ္စရပ်လည်းဖြစ်ပါသည်။ ဤဆက်နွှယ်မှုများနှင့် လူတစ်ဦးချင်းစီ၏ လူမှုပတ်ဝန်းကျင် အတိတ်နောက်ခံများသည် ကျွန်ုပ်တို့ ဘာတွေလေ့လာသင်ကြားရမည် ဆိုသည်နှင့် ဘယ်လိုလေ့လာဆည်းပူးကြရမလဲဆိုသောအပိုင်းကို ဖြစ်ပေါ်လာစေပါသည်။

ဤတွင် “စနစ်” ဆိုသော စကားလုံးသည် အင်ဂျင်နီယာဘာသာရပ်ကို သီးသန့်ကွဲထွက်စေသော သဘောမဟုတ်ဘဲ အပိုင်းကဏ္ဍများ အများကြီးပါဝင်နေသော စုပေါင်းထားသည့် သဘောပဲဖြစ်ပါသည်။ အင်ဂျင်နီယာပညာရေးနှင့် ပိုမိုကျယ်ပြန့်သော စနစ်အကြားက ဆက်နွှယ်မှုများသည် တစ်ဖက်သတ်တည်း ဦးတည်နေကြသည် မဟုတ်ပါ။ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုများသည် အင်ဂျင်နီယာပညာရေးအပေါ် အကျိုးသက်ရောက်မှုများရှိသလို အင်ဂျင်နီယာပညာရေးသည်လည်း သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများရှိပါသည်။

❑ **သဘာဝပတ်ဝန်းကျင်၏ ဖြစ်ပျက်ပြောင်းလဲမှုကလည်း အင်ဂျင်နီယာများ၏ ပညာရေး၊ ကျင့်ဝတ်စည်းမျဉ်း၊ စံချိန်စံညွှန်းများအပေါ် သက်ရောက်မှုရှိနေတတ်ပါသည်။ အလားတူပင် အင်ဂျင်နီယာများ၏ ပညာရပ်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကလည်း ပတ်ဝန်းကျင်အပေါ် ကျယ်ကျယ်ပြန့်ပြန့် အကျိုးသက်ရောက်မှု ရှိနေပြန်ပါသည်။ လူမှုရေး၊ စီးပွားရေး၊ နည်းပညာရပ်ဆိုင်ရာများနှင့် အင်ဂျင်နီယာပညာရပ်များအကြားမှာရှိသည့် အချို့သော ဆက်နွှယ်ပတ်သက်မှုများသည် လူမှုဘဝပြဿနာအခက်အခဲများကို တည်ငြိမ်အေးချမ်းမှုပေးနိုင်ပြီး အခက်အခဲများကို လျှော့နည်းစေနိုင်**

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

> **အင်ဂျင်နီယာလုပ်ငန်းနှင့် အတတ်ပညာဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များ ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း၊ ပညာသင်ကြားပို့ချနေသော အင်ဂျင်နီယာများ၏ အတွေးအခေါ်များကို မည်သို့အလင်းပြရန်နှင့် ဤအဓိပ္ပာယ်သတ်မှတ်ချက်များသည် အချိန်နှင့်အမျှ မည်သို့ပြောင်းလဲသွားသည်ဆိုသည်ကို ပိုမိုနားလည်လာရန် အားထုတ်ရှာဖွေမှုပြုရန်လို**

သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများသည် အင်ဂျင်နီယာပညာရပ်ကို သက်ရောက်မှု တစ်စုံတစ်ရာ ဖြစ်စေပါသည်။ အထက်မှာဖော်ပြခဲ့သည့်အတိုင်း အင်ဂျင်နီယာပညာရေးကလည်း ပိုမိုကျယ်ပြန့်သော သဘာဝပတ်ဝန်းကျင်ကို အကျိုးသက်ရောက်မှု ရှိနေစေပြန်ပါသည်။ ဤသုံးသပ်ဆင်ခြင်ရန်အချက်သည် ရေရှည်အကျိုးစီးပွားတစ်ခုဖြစ်ပြီး အကျိုးဆက်အဖြစ်လိုက်ပါသော ထုတ်ပြန်မှုတစ်ခုဖြစ်လာစေပါသည်။ အင်ဂျင်နီယာပညာရေးမှာ ကျွန်ုပ်တို့ပြုလုပ်လိုက်သော ရွေးချယ်မှုများသည် ပိုမိုကြီးမားကျယ်ပြန့်သောစနစ်ကြီးကို ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာစေမှာလဲဆိုသည့်အချက်သည် ရေရှည်အကျိုးစီးပွားတွင် ဒုတိယမြောက်ကဏ္ဍဖြစ်လာပြီး နောက်ဆက်တွဲလေ့လာထုတ်ပြန်မှုများလည်းရှိလာမည် ဖြစ်ပါသည်။

အနာဂတ်အင်ဂျင်နီယာများ၏ ကြိုတင်ပြင်ဆင်မှုအခန်းကဏ္ဍအတွက် အင်ဂျင်နီယာများ၏ အလေ့အကျင့်များကို အစီအစဉ်တကျ ကြိုတင်ရေးဆွဲရန် လိုပါသည်။ အင်ဂျင်နီယာပညာရပ်နှင့် အခြားအထွေထွေရှုထောင့်အသီးသီးတို့၏ ဆက်စပ်မှုကို လေ့လာသောအခါ တည်ငြိမ်သော ရှုထောင့်ကို ရွေးချယ်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရည်ရွယ်ချက်များ၊ အဓိပ္ပာယ်များ၊ ဩဇာလွှမ်းမိုးမှုများ အင်ဂျင်နီယာဘာသာရပ်၏ တန်ဖိုးများသည် ပိုမိုကြီးမားသော အခြားစနစ်များ၏ အစိတ်အပိုင်းများ၊ ချိတ်ဆက်မှုများ ဖြစ်နေပြီဖြစ်ပါသည်။ မတိကျမှုများ ဖြစ်နေနိုင်သည်ကို တွေ့မြင်နေရပါသည်။ ဤတွင် သုံးသပ်ရမည်ဆိုပါက အချင်းချင်းမျှဝေမှု နည်းပါးသဖြင့် တစ်ယောက်နှင့်တစ်ယောက် ကွဲလွဲအချင်းများစရာများ ဖြစ်လာပါသည်။ အဓိပ္ပာယ်ရှိရှိ တွေးခေါ်ရန်၊ ဘဝဖြစ်တည်မှု လေ့လာရန်ကို ဆွေးနွေးငြင်းခုံကြရင်း "talk around each other" (ဝိုင်းကြီးပတ်လည် စကားလက်ဆုံကျရင်း) နှင့် ကျွန်တော်တို့၏ ကြိုးစားမှုများကို အင်ဂျင်နီယာပညာရေးအတွက် (ပြန်ပြောင်းဆင်ခြင်ဖို့) ပြန်လည်စဉ်းစားရန် လိုအပ်လျက်ရှိပါသည်။ အတွေးအခေါ်များသည် အတူပူးပေါင်းရန် နည်းလမ်းဟူ၍ ဖော်ပြနေပါသည်။ ဤအတွေးအမြင်များကို "အဓိပ္ပာယ်ပြန်ဆို" ရန် တောင်းဆိုနေပါသည်။ ထို့နောက် ဤအဓိပ္ပာယ်ပြန်ဆိုရှင်းလင်းချက်များကို နားလည်အောင် ပြုလုပ်ကြရမည်ဖြစ်ပါသည်။

ဤကဲ့သို့ ပိုမိုကျယ်ပြန့်သောစနစ်နှင့် အင်ဂျင်နီယာပညာရေးတို့အကြားက ဆက်နွှယ်မှုကို ရှုထောင့်အမျိုးမျိုးက လေ့လာစူးစမ်းရမည်ဆိုပါက ဆောင်းပါးရှင်များအနေဖြင့် အတွေးအမြင်ဆိုင်ရာ ရှုထောင့်ကို ရွေးချယ်ကြပါသည်။ ထိုသို့ "အတွေးအမြင်ဆိုင်ရာရှုထောင့်" က ချဉ်းကပ်လေ့လာရသည့်အကြောင်းရင်းမှာ ဆွေးနွေးမှုများဖြစ်သည့် "ကျယ်ပြန့်သော စနစ်ကြီးနှင့် ချိတ်ဆက်မည့် ရည်ရွယ်ချက်၊ အနက်အဓိပ္ပာယ်၊ ဩဇာလွှမ်းမိုးမှုနှင့် အင်ဂျင်နီယာပညာရေး၏ တန်ဖိုး" စသည်များသည် အချိန်အခါအလိုက်၊ အယူအဆပိုင်းအရ မသေချာမှုများ ရှိနေ၍ ဖြစ်ပါသည်။ ဤအခြေအနေက အင်ဂျင်နီယာပညာရေး၏ ရည်ရွယ်ချက်ကို ဘယ်လိုသတ်မှတ်ရမည်ဆိုသည်ကို ဖော်ညွှန်းနေခြင်းဖြစ်ပါသည်။

အင်ဂျင်နီယာလုပ်ငန်း ဆိုတာဘာလဲ

ဤမေးခွန်းများအတွက် အဓိပ္ပာယ်သတ်မှတ်ချက်များကလည်း GDP (Gross Domestic Product ဂျီဒီပီ-ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ၏တန်ဖိုးကို တိုင်းတာသောညွှန်းကိန်း) ကို တိုက်ရိုက်အကျိုး မဖြစ်စေပြန်ပါ။ (အလုပ်အကိုင် အခွင့်အလမ်းပေါ်များမှု) အလုပ်ခန့်ထားမှုကိုလည်း အကျိုးတိုက်ရိုက်မဖြစ်စေပါဘူး။ ဤအခါမှာ အင်ဂျင်နီယာပညာရှင်များအနေဖြင့် "ဘာလုပ်သင့်သလဲ" ဆိုသည်က ထပ်မံမေးရမည့် မေးခွန်းတစ်ခုဖြစ်လာပြန်ပါသည်။

အဓိပ္ပာယ်သတ်မှတ်ချက်များ ကိုယ်တိုင်က မတိကျ၊ မသေချာခြင်း၊ ငုပ်လျှိုးပုန်းကွယ်နေသော "အမြင်" များကို မဖော်ထုတ်နိုင်ခြင်း စသည်များ ဖြစ်လာစေပါသည်။ ကျွန်တော်တို့က တစ်ပြေးညီ သတ်မှတ်ချက်များ ပြဋ္ဌာန်းပြီး မသတ်မှတ်ခဲ့ဘူးဆိုလျှင် နားလည်မှုအလွဲ၊ ဆက်သွယ်မှုအမှား၊ ဆက်နွှယ်မှုအမှားများကြောင့် နောက်ဆက်တွဲ စိတ်ကူးအကြံဉာဏ်များလည်း မတိကျမသေချာမှု ဖြစ်ပေါ်နိုင်ပါသည်။ ဒါကြောင့် အင်ဂျင်နီယာပညာရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ မရှိမဖြစ် အရေးတကြီး လိုအပ်လာပါသည်။

ပညာရှင်တို့က ဤအဓိပ္ပာယ်သတ်မှတ်ချက်များသည် အတိအလင်းဖော်ပြသည်ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ အတွေးအခေါ်၊ အမြော်အမြင်များအတွက် အခြေခံအုတ်မြစ်များဖြစ်ပြီး ပညာရပ်များကို ကျွန်တော်တို့ ဘယ်လိုဆည်းပူးကြရမလဲဆိုသည်ကို သိရှိအောင်လုပ်ပေးသည် ဆိုသောအချက်ကို ထောက်ပြထားပါသည်။

အမှန်စင်စစ် အဓိပ္ပာယ်သတ်မှတ်ချက်များသည် ပညာရေး၏ အန္တိမရည်မှန်းချက်များကို ဖန်တီးရန် အထောက်အကူဖြစ်စေသော အရာများဖြစ်ပါသည်။ ဒါကြောင့် အဓိပ္ပာယ်သတ်မှတ်ချက်များသည် အင်ဂျင်နီယာပညာရေးကို "ဘယ်လိုပုံစံဖြစ်ရမည်၊ ဘာကြောင့်ဒါမျိုးမဖြစ်ရဘူး" စသည့် ထိုးထွင်းသိမြင်သော အသိကိုဖြစ်စေပြီး အင်ဂျင်နီယာပညာရေး၏အခြေခံအတွေးအခေါ်ကို ပိုမိုတောက်ပထွန်းလင်းစေခဲ့ကာ ပိုပြီးမြင်သာစေခဲ့ပါသည်။ အချိန်နှင့်အမျှ ဘယ်လိုပြောင်းလဲနေသည် ဆိုသည်ကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။

အင်ဂျင်နီယာလုပ်ငန်းနှင့် အတတ်ပညာဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း၊ ပညာသင်ကြားပို့ချနေသော အင်ဂျင်နီယာများ၏ အတွေးအခေါ်များကို မည်သို့အလင်းပြရန်နှင့် ဤအဓိပ္ပာယ်သတ်မှတ်ချက်များသည် အချိန်နှင့်အမျှ မည်သို့ပြောင်းလဲသွားသည်ဆိုသည်ကို ပိုမိုနားလည်လာရန် အားထုတ်ရှာဖွေမှုပြုရန်လိုပါသည်။

အင်ဂျင်နီယာပညာရေး၏ ရေးရှုရာများအပေါ် မူဝါဒဖန်တီးသူတို့၏ ဩဇာလွှမ်းမိုးမှုများကို ထည့်သွင်းစဉ်းစားသောအခါ မူဝါဒဆိုင်ရာစာတမ်းများထဲက အင်ဂျင်နီယာဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များကိုလည်း ဂရုပြုမိလာစေပါသည်။ သို့ပါ၍ အင်ဂျင်နီယာပညာရေးဆိုသည်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမှာပါလဲ၊ တစ်စုံတစ်ဦးက သူတို့သည် အင်ဂျင်နီယာများပါဆိုသောအပေါ် ဘယ်အချက်အလက်၊ ဘယ်အစဉ်အလာများနှင့် သဘောတူလက်ခံမည်ကို ဖော်ပြရန် လိုအပ်လာပါသည်။ အပြင်ပန်းအားဖြင့် ရိုးရှင်းလှသော အင်ဂျင်နီယာပညာရေးကို အဓိပ္ပာယ်သတ်မှတ်ခြင်းကိစ္စသည် ပညာရေးနှင့်ဆက်နွှယ်နေပြီး သေချာစမ်းစစ်လေ့လာကြည့်သောအခါ အတော်လေး ရှုပ်ထွေးနက်နဲလာပါသည်။

အင်ဂျင်နီယာလုပ်ငန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အချိန်နှင့်အမျှ ပြောင်းနေပါသည်။ မသိမသာကွဲပြားနေသော ဓလေ့ထုံးစံများ၏ ယဉ်ကျေးမှုများ၊ အသိဉာဏ်ပညာအမျိုးမျိုးများအပေါ် မူတည်ပြီး အဓိပ္ပာယ်သတ်မှတ်နေကြရပါသည်။ သို့ပါ၍ အင်ဂျင်နီယာပညာရေး၏ အဓိပ္ပာယ် သတ်မှတ်ချက်များကို နားလည်သဘောပေါက်ရန်အတွက် မူဘောင်တစ်ခုချမှတ်ရန်မှာ နည်းပညာဆိုင်ရာကဏ္ဍက ယခင့်ယခင် ဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ခဲ့ပါသည်။ ထိုပြင်ဆင်ချက်ကို ပညာရှင်များက အဓိပ္ပာယ်သတ်မှတ်ချက် (၅)မျိုးကို မီးမောင်းထိုးပြခဲ့ပါသည်-

"ဖွင့်ဆိုချက် ငါးခု" (highlight five types of definitions)

- **(၁) Etymalogical (ရင်းမြစ်ဗေဒ)**
- **(၂) Essential (အနှစ်သာရ)**
- **(၃) Precriptive (ပြဋ္ဌာန်းချက်များ)**
- **(၄) Linguistic (ဘာသာဗေဒ)**
- **(၅) Pragmatic (လက်တွေ့သဘောတရား)။**

ဤသည်တို့မှာ အင်ဂျင်နီယာလုပ်ငန်းနှင့် အင်ဂျင်နီယာပညာရေးကို အဓိပ္ပာယ်ဖွင့်ဆိုသော နည်းလမ်း (၅) ခုကို သတ်မှတ်ဖော်ပြခဲ့ခြင်းပင် ဖြစ်ပါသည်။

အသုံးနည်းသော အဓိပ္ပာယ်သတ်မှတ်ချက် အမျိုးအစား

အခြားအသုံးနည်းသော အဓိပ္ပာယ်သတ်မှတ်ချက် အမျိုးအစားမှာ အကျယ်ချဲ့ခြင်း (extensional) သို့မဟုတ် အပြည့်အစုံရှင်းလင်းပြခြင်း (denotive) တို့ ဖြစ်ပါသည်။ ၎င်းမှာ အမျိုးအစားတစ်ခု၌ ပါဝင်သော အကြောင်းအရာများကို အစီအစဉ်တကျ စာရင်းနှင့်သတ်မှတ်ခြင်းမျိုးတို့ ပါဝင်ပါသည်။ ၎င်းအား ဥပမာ၊ ဥပမေယျများနှင့် သိသာအောင် တိုက်ရိုက်ရှင်းလင်း ဖော်ပြခြင်းမျိုးတို့ ပါဝင်ပါသည်။ "အင်ဂျင်နီယာ" ဆိုသော အဓိပ္ပာယ်သတ်မှတ်ချက်များစွာသည် ဥပမာ၊ ဥပမေယျများနှင့် ရှိနေပါသည်။ ဤသည်တို့သည် ယုတ္တိကျကျ မှားသွားခြင်းမျိုးများ၊ မပြီးနိုင်သော အဖန်ဖန် မေးခွန်းထုတ်စရာမျိုးများ ဖြစ်လာတတ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ညောင်ဦးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ညောင်ဦး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေစင်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစာပေဆုရှင် စာရေးဆရာ ဒေါက်တာမောင်သင်းက စာဖတ်ရှိန်မြှင့်၍ စာကြည့်တိုက်ဖွံ့ဖြိုးပါမှ ပညာတတ်နိုင်ငံတော်ဘဝ ရောက်မည် ခေါင်းစဉ်ဖြင့် စာပေဟောပြောသည်။ ထို့နောက် ညောင်ဦးမြို့ အားသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် စာအုပ် စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ပြပွဲပြိုင်ပွဲများနှင့် ကျောင်းစာကြည့်တိုက်တို့ကို ကြည့်ရှုအားပေးကာ ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဒီပါလင်း

စာပေမြင့်မှ လူမျိုးတင့်မည်

မြစ်သားမြို့နယ်၌ မိုးဝါစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများ ကွင်းဆင်းစစ်ဆေး

မြစ်သား အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ကျေးလက်နေတောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသင်းသားတောင်သူများ တစ်ဦးချင်းစီတွင် ဝင်ငွေတိုးတက်စေရန် ရည်ရွယ်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၈ ရက်က မြစ်သားမြို့နယ် တောင်တောကုန်းကျေးရွာ မိုးဝါစိုက်ဧက ၄၅၃ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးသည် မြစ်သားမြို့နယ် သမဝါယမ အသင်းစုခန်းမတွင် အသင်းသား စိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံကာ အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးချိန်အမီ စိုက်ပျိုးကြရေးနှင့် သွင်းအားစုများ အပြည့်အဝ ထည့်သွင်းနိုင်ရေးတို့ကို ပြောကြားပြီး ဝါသီးနှံနှင့် ဆောင်းနေကြာစိုက်အသင်း ၁၃ သင်းမှ စိုက်ပျိုးတောင်သူ ၅၀ ကို နေကြာ ရေဆင်းစပ်မျိုး-၂ မျိုးအိတ်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လပွတ္တာခရိုင်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ဖျာပုံ အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က လပွတ္တာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ဖွင့်လှစ်သည်။

ဦးစွာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးလွင်ကိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ လှပသာယာ ပြည်မြန်မာ ဓာတ်ပုံပြခန်း၊ ဖွံ့ဖြိုးဝေစည် ဧရာဝတီ ဓာတ်ပုံပြခန်း၊ ပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်း ၁၉ ခန်းနှင့် ကာယဉာဏပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲနေသည့် ကျောင်းသား ကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)

လပွတ္တာခရိုင်အတွင်းရှိစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တနင်္သာရီတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်း ဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၈) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများက “အမျိုးသားစာပေ ယဉ်ကျေးမှုအမွေ” သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထများ ဖြစ်ပေါ်လာစေရန်၊ အသိဉာဏ်ပညာများကို အရင်းအနှီးပြုပြီး ဘဝဖွံ့ဖြိုးတိုးတက်စေရန် စသည့်အချက်များနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျင်းပ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ်စာပေ ဆွေးနွေးပေးသော ကျောင်းသား ကျောင်းသူ လေးဦးနှင့် ဦးဆောင်ဆွေးနွေးပေးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင် တို့အား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပြီး စကားရည်လုပြိုင်ပွဲတွင် အနိုင်ရ အဖွဲ့များအား ဆုချီးမြှင့်ကာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက ကျပန်းစကားပြော (အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်နှင့် ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်က လှူဒါန်းငွေကျပ် သုံးသိန်း၊ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းငွေကျပ် ငါးသောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ဆုရရှိသော ကျောင်းသား ကျောင်းသူများက ပြိုင်ပွဲဝင် ခေါင်းစဉ်များဖြင့် ပြန်လည်၍ သရုပ်ပြပြီး အထက (၈) မှ ကျောင်းသား ကျောင်းသူလေးများက “ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ဆီ” သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက် လူနာများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မေတ္တာလက်ဆောင်ဆုကြေးငွေ အမေရိကန်ဒေါ်လာ တစ်သန်းပေးအပ်သည့် နိုင်ငံရေးလှုပ်ရှားမှုနှင့်ပတ်သက်ပြီး အီလွန်မတ်စ်ကို တရားစွဲ

ပင်ဆယ်ဗေးနီးယား အောက်တိုဘာ ၂၉

အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ် ဖီလာဒဲလ်ဖီးယား၏ ထိပ်တန်းအစိုးရရှေ့နေက လာမည့်အမေရိကန်သမ္မတ ရွေးကောက်ပွဲနှင့် ဆက်နွှယ်သည့် မေတ္တာလက်ဆောင်ဆုကြေးငွေ ပေးအပ်သည့် နိုင်ငံရေးလှုပ်ရှားမှုနှင့် ပတ်သက်ပြီး ဘီလီယံနာစီးပွားရေးလုပ်ငန်းရှင် အီလွန်မတ်စ်ကို တရားစွဲလိုက်ပြီဖြစ်သည်။

ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကိုထောက်ခံသော ဘီလီယံနာ အီလွန်မတ်စ်က လွတ်လပ်စွာပြောဆိုခွင့်နှင့် လက်နက်ကိုင်ဆောင်ခွင့်ကို ထောက်ခံသည့်အသနားခံစာကို လက်မှတ်ရေးထိုးခဲ့သည့် ပြည်နယ်ခုနစ်ခုအနက်မှ မဲဆန္ဒရှင်တစ်ဦးအား အမေရိကန်ဒေါ်လာတစ်သန်း မေတ္တာလက်ဆောင် ဆုကြေးငွေပေးသွားမည်ဖြစ်သည်။

ကံထူးရှင်ကို မဲနှိုက်ရွေးချယ်ပေးသွားမည်ဖြစ်သည်။ မေတ္တာလက်ဆောင်ဆုကြေး ငွေပေးအပ်ခြင်းကို နိုဝင်ဘာ ၅ ရက် ရွေးကောက်ပွဲနေ့အထိ ပြုလုပ်မည်ဖြစ်သည်။

ထရမ့်၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကို ကျောထောက်နောက်ခံပြုရန်အတွက် အီလွန်မတ်စ် ဖွဲ့စည်းထားသည့် နိုင်ငံရေးလုပ်ဆောင်မှုကော်မတီမှ တစ်ဆင့် အဆိုပါမေတ္တာလက်ဆောင်ဆုကြေးငွေများကို ပေးအပ်သွားမည်ဖြစ်သည်။

မဲဆန္ဒရှင်စာရင်းသွင်းခြင်းကဲ့သို့သော လုပ်ရပ်များအတွက် မေတ္တာလက်ဆောင်ဆုကြေးငွေများ ပေးအပ်ခြင်းသည် ဖက်ဒရယ်ဥပဒေကို ချိုးဖောက်နိုင်ကြောင်း တရားရေးဌာနက အီလွန်မတ်စ်ကို သတိပေးထားသည်ဟု အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။

မေတ္တာလက်ဆောင်ဆုကြေးငွေများပေးခြင်းကို "တရားမဝင်ထီ" များအဖြစ် ဖီလာဒဲလ်ဖီးယားခရိုင်ရှေ့နေရုံးမှ အောက်တိုဘာ ၂၈ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အီလွန်မတ်စ်နှင့် ၎င်း၏နိုင်ငံရေးဆောင်ရွက်မှုကော်မတီ၏ မေတ္တာလက်ဆောင်ဆုကြေးငွေ ချီးမြှင့်ခြင်းကို ရပ်တန့်ရန် ပင်ဆယ်ဗေးနီးယားဥပဒေအရ ခရိုင်ရှေ့နေက အရပ်ဘက်ဥပဒေဖြင့် အရေးယူခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြခဲ့သည်။

AMERICA PAC
$ 1,000,000
ONE MILLION
DOLLARS

ပင်ဆယ်ဗေးနီးယားပြည်နယ်သည် အမေရိကန် သမ္မတရွေးကောက်ပြိုင်ပွဲတွင် အရေးပါသော ပြည်နယ်တစ်ခုဖြစ်သည်။

အင်န်အိတ်ချ်ကေ

ကွန်ဂိုနိုင်ငံ၌ စားရေရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသူပေါင်း ၂၅ ဒသမ ၆ သန်းရှိဟုဆို

စားရေရိက္ခာမလုံလောက်မှုသည် လာမည့်နှစ် ပထမနှစ်ဝက်တွင်လည်း ဆက်လက်ဆိုးရွားနေဖွယ်ရှိ

ကင်ရှာဆာ အောက်တိုဘာ ၂၉

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာရ်စီ) တွင် လူပေါင်း ၂၅ ဒသမ ၆ သန်းခန့် သို့မဟုတ် နိုင်ငံ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းမှာ စားရေရိက္ခာ မလုံလောက်မှုနှင့် အလွန်အမင်း ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က အောက်တိုဘာ ၂၈ ရက်တွင် ပြောသည်။

အထိခိုက်ခံရဆုံး သူများမှာ အဓိကအားဖြင့် နေရပ်စွန့်ခွာသူများနှင့် နေရပ်ပြန်သူများဖြစ်ကြောင်း ယင်းအဖွဲ့က ပြောသည်။ စားရေရိက္ခာမလုံလောက်မှုသည် လာမည့်နှစ် ပထမနှစ်ဝက်တွင်လည်း လက်ရှိအခြေအနေ ကဲ့သို့ပင် ဆက်လက် ဆိုးရွားနေဖွယ်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီက ခန့်မှန်းထားသည်။

လက်နက်ကိုင် အကြမ်းဖက်မှုများက ကျေးလက်လူနေမှုဘဝများနှင့် အခြေခံအဆောက်အအုံများကို ကြီးကြီးမားမား ထိခိုက်ပျက်စီးမှုဖြစ်ပွားစေကာ မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေးထုတ်လုပ်မှုလုပ်ငန်းစဉ်ကိုလည်း အနှောင့်အယှက်ဖြစ်ပေါ်စေခဲ့သည်။

လက်ရှိ ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် ဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း ခုနစ်သန်းနီးပါးရှိသည်ဟု ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

ကုလကယ်ဆယ်ရေးအေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အစ္စရေးလွှတ်တော် တားမြစ်ပိတ်ပင်

ဂျေရုဆလင် အောက်တိုဘာ ၂၉

အစ္စရေးနိုင်ငံ၌ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေး အေဂျင်စီ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို တားမြစ်ပိတ်ပင်သော ဥပဒေမူကြမ်းတစ်ရပ်ကို အစ္စရေးလွှတ်တော်က အတည်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါဥပဒေကို အောက်တိုဘာ ၂၈ ရက်တွင် မဲအများစုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းလုပ်ဆောင်မှုသည် ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလကယ်ဆယ်ရေးအေဂျင်စီ၏ ထောက်ပံ့ကူညီပေးရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ဟားမားစ်အဖွဲ့က အစ္စရေးကို အလစ်အငိုက်တိုက်ခိုက်မှုတွင် ကုလကယ်ဆယ်ရေး အေဂျင်စီဝန်ထမ်းအချို့ ပါဝင်ခဲ့သည်ဟု အစ္စရေးကစောဒက တက်ခဲ့သည်။ ကုလသမဂ္ဂသည် ယင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့ဖွယ်ရှိသည့် သံသယရှိသူ ဝန်ထမ်းကိုးဦးကို ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ယင်းနောက်တွင် အစ္စရေးသည် ကုလကယ်ဆယ်ရေးအေဂျင်စီနှင့် ဟားမားစ်အဖွဲ့တို့ကြား ဖြစ်နိုင်ခြေရှိသော ချိတ်ဆက်မှုများကို ကြိမ်ဖန်များစွာ ထောက်ပြခဲ့သည်။ ကုလကယ်ဆယ်ရေးအေဂျင်စီက ထိုကဲ့သို့ လုပ်ဆောင်မှုသည် မကြုံစဖူးဖြစ်ပြီး အန္တရာယ်ရှိသော အစဉ်အလာတစ်ခုဖြစ်သည်ဟုဆိုကာ အေဂျင်စီအပေါ် အစ္စရေးလွှတ်တော်၏ မဲခွဲဆုံးဖြတ်မှုကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည်။

အင်န်အိတ်ချ်ကေ

ဂျပန်နိုင်ငံ၌ အလုပ်လက်မဲ့နှုန်း ဆက်လက်ကျဆင်း

တိုကျို အောက်တိုဘာ ၂၉

ဂျပန်နိုင်ငံ၌ အလုပ်လက်မဲ့နှုန်း ထပ်မံကျဆင်းသွားသောကြောင့် အလုပ်သမားဈေးကွက်သည် စက်တင်ဘာလတွင် မြင့်တက်လာခဲ့ကြောင်း အစိုးရအစီရင်ခံစာတွင် အောက်တိုဘာ ၂၉ ရက်က ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဩဂုတ်လတွင် ၂ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ စက်တင်ဘာလတွင် ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သဖြင့် အလုပ်လက်မဲ့နှုန်း နှစ်လဆက်တိုက် ကျဆင်းသွားခဲ့ကြောင်း ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အလုပ်အကိုင်ရရှိသူဦးရေသည် လွန်ခဲ့သည့်လက ၆၈ ဒသမ ၁၄ သန်းရှိခဲ့သဖြင့် လွန်ခဲ့သောနှစ်အလားတူလနှင့်နှိုင်းယှဉ်ပါက ၂၇၀၀၀၀ ခန့်တိုးလာကြောင်းနှင့် ၂၆ လဆက်တိုက် တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရရှိသူအမျိုးသမီးဦးရေသည် ၃၁ ဒသမ ၀၈ သန်းဖြင့် စံချိန်တင်မြင့်တက်ခဲ့သည်။ လွန်ခဲ့သည့်လက အလုပ်လက်မဲ့ဦးရေသည် ၁ ဒသမ ၇၃ သန်းရှိခဲ့သဖြင့် လွန်ခဲ့သောနှစ် အလားတူလနှင့်နှိုင်းယှဉ်ပါက အလုပ်လက်မဲ့ဦးရေ ၉၀၀၀၀ ခန့်ကျဆင်းခဲ့သည်။ အလုပ်လက်မဲ့ဦးရေ နှစ်လဆက်တိုက် ကျဆင်းခဲ့သည်။ အလုပ်သမားဈေးကွက် အခြေအနေကို အနီးကပ်ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အစိုးရက ကတိပြုခဲ့သည်။

ဆင်ဟွာ



ဟစ်ဇ်ဘိုလာအဖွဲ့က ခေါင်းဆောင်သစ်အဖြစ် ကာစင်ကို ရွေးချယ်

ဘေရွတ် အောက်တိုဘာ ၂၉

လက်ဘနွန်အခြေစိုက် ရှီးယားမွတ်စလင်အဖွဲ့ ဟစ်ဇ်ဘိုလာသည် ၎င်းတို့၏ခေါင်းဆောင်သစ်အဖြစ် နင်းမ်ကာစင်ကို ရွေးချယ်လိုက်ကြောင်း အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ထို့ကြောင့် ကာစင်သည် ပြီးခဲ့သည့်လက ဘေရွတ်မြို့ အပြင်ဘက်ရှိ ဟစ်ဇ်ဘိုလာဌာနချုပ်ကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာတွင် သေဆုံးခဲ့သော ဟာဆန်နာစရယ်လာ၏နေရာကို ဆက်ခံသူဖြစ်လာခဲ့သည်။ ထို့ပြင် ၎င်းသည် နာစရယ်လာလက်အောက်တွင် အဖွဲ့၏လက်ထောက်ခေါင်းဆောင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးကို တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားထားသည်။

အင်န်အိတ်ချ်ကေ

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒိုက်ဦးမြို့၌ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနား တက်ရောက်

ဒိုက်ဦး အောက်တိုဘာ ၂၉

ဒိုက်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို အောင်ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို အခြေခံပညာကျောင်းများအား အခြေပြုပြီး နိုင်ငံ့အနာဂတ်စွမ်းအား အရင်းအမြစ်ပြုစုပျိုးထောင်မှုများ အရှိန်အဟုန် မြင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်/ထွက် သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာ အတွေးအခေါ်မြင့်မားရေး ဗဟုသုတပြည့်စုံကြွယ်ဝရေးအတွက် စာတတ်သူတိုင်း စာဖတ်ကြရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန် ရည်ရွယ်ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒိုက်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ/ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ ဒိုက်ဦးမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားတွင် အသိပညာဗဟုသုတများရရှိစေရေး ဟောပြောပေးသည့် စာရေးဆရာကြီးများအား ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က စာအုပ်စာပေ ဝယ်ယူနိုင်ရေး အလှူငွေလှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒိုက်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်လျက်ရှိသော သုတ/ရသ စာအုပ်အရောင်းဆိုင်များ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ ဘက်စုံအားကစားပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

လွိုင်လင်မြို့နယ်၌ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုစစ်ဆေး

လွိုင်လင် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ပင်လုံအရှေ့ ကျေးရွာအုပ်စု ဝမ်လုံကျေးရွာ၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဝမ်လုံကျေးရွာတွင် ကျေးလက်ရေရှိရေးအတွက် ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများ၊ ကျေးရွာရေပေးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်သည် အလျားပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ခြောက်ပေရှိပြီး ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်(မွမ်းမံ) ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိကျေးလက်နေ ပြည်သူများအတွက် နွေရာသီ ရေရှားပါးသည့် ပြဿနာများ ပြေလည်ကာ သန့်ရှင်းသော သောက်ရေသုံးရေများ ရာသီမရွေး ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

ရမည်းသင်းမြို့နယ် ထီးလှိုင်-တမာပင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ရမည်းသင်း အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဘာဝဘေးကြောင့် ပျက်စီးသွားသော ထီးလှိုင် - တမာပင် ကျေးလက် ကုန်ထုတ်လမ်းကို မြေသားတင် ဂျင်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက သဘာဝဘေးကြောင့် ပျက်စီးသွားသော ထီးလှိုင်-တမာပင် ကျေးလက်ကုန်ထုတ်လမ်းအား မြေသားတင် ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထီးလှိုင်ကျေးရွာရှိ အဆိုပါ ကုန်ထုတ်လမ်းသည် အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ ထုကိုးလက်မရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၉၈၃ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရာနှုန်းပြည့်ပြီးစီးပါက ထီးလှိုင်ကျေးရွာနှင့် တမာပင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေကေများစွာကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ကျိုင်းတုံ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ၊ သဘာပတိ ဦးမောင်မောင်တင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနှင်းအေးက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကာလအတွက် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှုဆောင်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများကို အုပ်ချုပ်မှုဒါရိုက်တာနှင့် အသင်းစာရင်းစစ်တို့က ဖတ်ကြားတင်ပြရာ တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်များ ရယူခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

လေးမျက်နှာမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

လေးမျက်နှာ အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အောင်သာယာဈေး၌ မီးဘေးလုံခြုံရေးအသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်း ဦးဆောင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ပုဒ်နှင့် မီးလန့်မှု/မီးလောင်မှုဖြစ်ပွားပါက နီးစပ်ရာမြို့နယ်မီးသတ်စခန်းများသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါဝင်သော မြေစိုက်ပိုစတာကို စိုက်ထူခဲ့ပြီး စည်ပင်သာယာအဖွဲ့ပိုင် ဈေးများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ရဲနောင်(လေးမျက်နှာ)

ထိုင်းနိုင်ငံ၌ ကျင်းပမည့် 15th Singha Thailand Junior World Golf Championships 2024 ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် 15th Singha Thailand Junior World Golf Championships 2024 ဂေါက်သီးရိုက် ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလူငယ် ဂေါက်သီးရိုက် အားကစားအဖွဲ့သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုး မိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီး ရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အဖြစ် ဦးကျော်မင်းမင်းလတ် (အမှုဆောင်၊ မျိုးဆက်သစ်လူငယ် ဂေါက်သီး ကစားသမားများ ဆပ်ကော်မတီ) အားကစားသမားများအဖြစ် Junior Golf Myanmar (JGM) မှ ကောင်းထက်၊ ခန့်ဘုန်းလျှန်၊ အာကာမျိုးသန့်၊ Locadio K၊ ကျော်နေစိုး၊ လုံမျိုးစံ၊ ကျော်သံလွင်ဟိန်း၊ နိုင်ဦးကို၊ Choi Hwan ၊ အောင်သန်းထွဋ်၊ ချိုသာအောင်၊ နန်းဆိုင်အွမ်ငင်းတို့ လိုက်ပါသွားပြီး သက်တမ်းအလိုက် ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် အမျိုးသား အသက် ၁၅–၁၈ နှစ် အတန်းတွင်ကောင်းထက်၊အာကာမျိုးသန့်၊ Locadio K၊ ကျော်နေစိုး၊ ခန့်ဘုန်းလျှန်၊ အမျိုးသား အသက် ၁၃–၁၄ နှစ်အတန်းတွင် လုံမျိုးစံ၊ နိုင်ဦးကို၊ ကျော်သံလွင်ဟိန်း၊ အမျိုးသား အသက် ၁၁–၁၂ နှစ် အတန်းတွင် Choi Hwan ၊ အောင်သန်းထွဋ်၊ အမျိုးသမီး အသက် ၁၃–၁၄ နှစ်အတန်းတွင် ချိုသာအောင်နှင့် နန်းဆိုင်အွမ်ငင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ်သည် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံ ရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ **ကိုညီလေး**

ဓာတ်ပုံ–MGF

ဟားခါးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သည့် လက်နက်ကြီးကျည် ထိမှန်၍ ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

Khit Thit Media
12m
FALSE NEWS

နေပြည်တော် အောက်တိုဘာ ၂၉

ချင်းပြည်နယ် ဟားခါးမြို့တွင် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲပြီး ဒေသခံ အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ အကြမ်းဖက်သမားများသည် ချင်းပြည်နယ် ဟားခါးမြို့အတွင်းရှိ ကျေးရွာများတွင် ခိုအောင်းလှုပ်ရှားနေပြီး နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ နေထိုင်သည့် လူနေရပ်ကွက်၊ ကျေးရွာများကို လက်နက်ကြီးများ၊ Drop Bomb များဖြင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ ခိုအောင်းနေသည့် နေရာများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားအချို့ ထိခိုက်ကျဆုံးခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ အကြမ်းဖက်သမားများက အထိအခိုက် အကျအဆုံးများပြားလာပြီး ပြည်သူလူထု၏ ထောက်ခံ အားပေးမှုလည်း ကျဆင်းလာသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ ဖြစ်စဉ် လွဲမှားသော မဟုတ်မမှန် သတင်းများအား ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@Kyaw 25448” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည် (တောင်) ရပ်ကွက်နေ ကျော်စိုးဝင်း(ခ)အတူးအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်း အပြည့်အဝ အသုံးချကာ တစ်ပွဲပို ခနစ်မှတ်ဖြတ် ဦးဆောင်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် မျိုးမင်းခန့်၊ ၄၈ မိနစ်တွင် ဟန်ထွန်းဇော်တို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၄၀ တွင် ကောင်းခန့်ကျော်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် သစ္စာအားမာန်အသင်းကို နောက်ကျဂိုးဖြင့် အနိုင်ယူပြီး အမှတ်ပြည့်ရရှိခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးကို ၇၉ မိနစ်တွင် ရဲရင့်အောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၃ ရက်တွင် တောင်ဒဂုံကွင်း၌ ကျင်းပမည်ဖြစ်ပြီး Junior Lions အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

ထားဝယ်ထောင်တွင် အကျဉ်းသားတစ်ဦး လုံလောက်သော ဆေးကုသခွင့်မရရှိဘဲ လေဖြတ်ရောဂါဖြင့် သေဆုံးဟု မဟုတ်မမှန် လုပ်ကြံရေးသား

နေပြည်တော် အောက်တိုဘာ ၂၉

ထားဝယ်ထောင်တွင် နိုင်ငံရေးအကျဉ်းသားတစ်ဦး လုံလောက်သော ဆေးကုသခွင့်မရရှိဘဲ လေဖြတ်ရောဂါဖြင့် သေဆုံးခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၂၁ ရက်က မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် ထားဝယ်အကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာ ရှိကြောင်း၊ အကျဉ်းသားရဲအောင်သည် အဖျားရောဂါနှင့် ယာဘက် ကိုယ်တစ်ခြမ်း လေဖြတ်ကာ လမ်းမလျှောက်နိုင်ခြင်းရောဂါ ခံစားနေရသဖြင့် ဇူလိုင် ၄ ရက်တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ပြီး ပြန်လည်သက်သာလာသဖြင့် ဇူလိုင် ၉ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း။

ဆေးရုံဆင်းခွင့်ပြုပြီးနောက် ဆရာဝန်ချိန်းဆိုသည့်ရက်များတွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ စုစုပေါင်း သုံးကြိမ် နေ့ချင်းပြန် ဆေးရုံပြပေးခဲ့ကြောင်း၊ အကျဉ်းထောင် သူနာပြုများကလည်း အကျဉ်းသားရဲအောင်အား အနီးကပ်ကြပ်မတ် ကုသပေးခဲ့ကြောင်း၊ ထိုသို့ အနီးကပ်ကြပ်မတ်ကုသပေးခဲ့သော်လည်း ရောဂါသက်သာခြင်း မရှိသဖြင့် စက်တင်ဘာ ၂၇ ရက်တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ ဒုတိယအကြိမ် တင်ပို့ကုသပေးခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ ဦးခေါင်းကွန်ပျူတာ ဓာတ်မှန်ရိုက်ခြင်း (CT Scan–Head) များ ဆောင်ရွက်ခဲ့ရာ “ဦးနှောက်တွင် အကျိတ်တည်ခြင်းရောဂါ” ခံစားနေရသည်ကို တွေ့ရှိခဲ့ပါကြောင်း။

ထားဝယ်ပြည်သူ့ဆေးရုံကြီးတွင် ၂၁ ရက်ကြာ လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ပြန်လည်သက်သာလာခြင်း မရှိဘဲ ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် ဦးနှောက်၌ အကျိတ်တည်ခြင်းကြောင့် ဦးနှောက်အတွင်း သွေးကြောပိတ်၍ လေဖြတ်ခြင်းရောဂါကြောင့် သေဆုံးသွားခဲ့ခြင်းသာဖြစ်သည်။

ထို့ပြင် အကျဉ်းသားရဲအောင်အား ဆေးရုံတင်ပို့ကုသထားပေးသည့်ကာလအတွင်း မိသားစုဝင်များသည် လာရောက်ခြင်းမရှိသဖြင့် ဆေးဝါးကုန်ကျစရိတ်အား အကျဉ်းထောင်အစီအစဉ်ဖြင့် ကုသပေးခဲ့ပါကြောင်း၊ သေဆုံးသည့် သတင်းအား အကျဉ်းသား၏ မိသားစုများထံ ဆက်သွယ်အကြောင်းကြားခဲ့ပြီး အကျဉ်းထောင်မှ ဗုဒ္ဓဘာသာဓလေ့ ထုံးတမ်းစဉ်လာအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများအထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

သစ္စာ

❍ *ကျောဖုံးမှ*

ထို့အပြင် ၂၀၀၈ ခုနှစ်က ခရစ္စတီယာနိုရော်နယ်ဒိုပြီးနောက် အဆိုပါဆုကို ဆွတ်ခူးနိုင်သည့် ပထမဆုံး ပရီမီယာလိဂ် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ရိုဒရီသည် ဇူလိုင်လတွင် စပိန်အသင်းကို ယူရို ၂၀၂၄ ဖလား ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် ပရီမီယာလိဂ်ဖလား၊ ယူအီးအက်ဖ်အေ စူပါဖလားနှင့် ကလပ်ကမ္ဘာ့ဖလားတို့ကိုလည်း ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သူဖြစ်သည်။

အမျိုးသမီး တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို စပိန်နှင့် ဘာစီလိုနာကွင်းလယ်ကစားသမား ဘွန်မာတီက နှစ်ကြိမ်ဆက် ဆွတ်ခူးရရှိခဲ့သည်။ ဘွန်မာတီသည် ပြီးခဲ့သည့်ရာသီတွင် လာလီဂါအမှတ်ပေးဖလား၊ ချန်ပီယံလိဂ်ဖလား၊ စူပါကိုပါဖလားနှင့် ဘုရင့်ဖလားတို့ကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ထားနိုင်သူဖြစ်သည်။

ဟာရီကိန်းနှင့် ကီလီယန်အမ်ဘာပေသည် ပြီးခဲ့သည့် ရာသီပြိုင်ပွဲစုံတွင် သွင်းဂိုး ၅၂ ဂိုးစီ သွင်းယူ နိုင်ခဲ့သည့်အတွက် အကောင်းဆုံးဂိုးသွင်းသူ ဂတ်မူလာဆုကို ပူးတွဲဆွတ်ခူးနိုင်ခဲ့သည်။ အသက် ၂၁ နှစ်အောက် စွမ်းဆောင်ရည် အကောင်းဆုံး ကစားသမားကို ချီးမြှင့်သော Kopa Trophy ကို ဘာစီလိုနာနှင့် စပိန်တောင်ပံကစားသမား လမိုင်း ယာမဲလ်က ဆွတ်ခူးရရှိခဲ့သည်။

ဇူလိုင်လတွင် အသက် ၁၇ နှစ်ပြည့်ခဲ့သော ယာမဲလ်သည် ပြီးခဲ့သည့် ရာသီတွင် ဘာစီလိုနာအသင်းအတွက် ပွဲ ၅၀ ပါဝင်ကစားထားပြီး ခုနစ်ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။

အောင်ဇော်

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ဒေါက်တာဇေယျာဝင်း

သာယာကြည်လင်သော နေ့လယ်ခင်းတစ်ခုဖြစ်သည်။ ပေတစ်ရာလမ်းမကြီးသည် မျက်စိတစ်ဆုံး၊ တံလျှပ်များ လိပ်တက်လျက် အဆုံးမရှိဟုပင် ထင်ရသည်။ လူငယ်တစ်ဦး ဆိုင်ကယ်စီးနင်းလာပြီး ဆိုင်ကယ်စီးဦးထုပ်ကိုမူ မဆောင်းထားပါလေ။ အနာဂတ်များ၊ မနက်ဖြန်များနှင့် သစ်လွင်နေသော ဘဝတစ်ခုကို ပိုင်ဆိုင်ထားသည့် လူငယ်တစ်ဦး၏ တစ်နေ့တာ စားဝတ်နေရေးတာဝန်များ စောစောပြီးဆုံး၍ အိမ်ပြန်ချိန်ဖြစ်သည်။ မိုးမရွာ၊ လေပြည်ညင်းလေးသာ ငြိမ့်ညောင်းစွာ တိုက်ခတ်နေသည်။

ထိုစဉ် လမ်းဆုံတစ်ခုအရောက် လူငယ်၏ ဆိုင်ကယ်ရှေ့မှ သွားနေသော ကားတစ်စီးက ရုတ်တရက် ဘယ်ဘက်သို့ ဆတ်ခနဲ ချိုးကွေ့လိုက်သည်။ လူငယ်အတွက် တုံ့ပြန်ရန်အချိန် မလုံလောက်ပါ။ သက်ရောက်မှုက ရှောင်လွှဲ၍ မရတော့ပါ။ အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ တာယာနှင့် ကတ္တရာလမ်းမ ပွတ်တိုက်သံများ လမ်းတစ်လျှောက် ပဲ့တင်ထပ်သွားသည်။ ယာဉ်တိုက်မှုတစ်ခု ဖြစ်သွားခဲ့လေပြီ။

လူငယ်သည် ဆိုင်ကယ်ပေါ်မှ လွင့်ထွက်ကာ ပေတစ်ရာလမ်းမပေါ်တွင် လဲကျလျက် ပြင်းထန်စွာ ဒဏ်ရာရရှိထားသည်။ ဆိုင်ကယ်စီးဦးထုပ် မဆောင်းထားသောကြောင့် ဦးခေါင်းနှင့် ပလက်ဖောင်းပြင်းထန်စွာ ထိခိုက်မိကာ သွေးများဦးခေါင်းမှ စီးကျလျက်ရှိနေလေသည်။ အနီးအနားရှိ လမ်းသွားလမ်းလာများ လူငယ်အနီးသို့ ဝိုင်းဝန်းစုရုံး ရောက်ရှိလာကြသည်။ လူနာတင်ယာဉ်မှာ တတ်နိုင်သမျှ ဆောလျင်စွာ ရောက်ရှိလာခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုမှာ အလွန်ကြီးမားခဲ့ပြီးဖြစ်သည်။

သူ၏သူငယ်ချင်း၊ မိတ်ဆွေများနှင့် မိသားစုဝင်များအတွက် တစ်ဘဝစာ ပြောင်းလဲတုန်လှုပ်စေမည့် သတင်းကို လက်ခံရရှိကြတော့မည်ဖြစ်သည်။ ထိုလူငယ်မှာ အသက်ဆုံးရှုံးခဲ့ရလေပြီ။ ရှင်သန်နေသော ရောင်စုံဘဝတစ်ခုသည် တစ်မုဟုတ်ချင်းဆိုသလို ပျောက်ကွယ်သွားပြီး ဆုံးရှုံးမှုကြောင့် သက်ဆိုင်သူ၏ အသိုက်အဝန်းအပေါ် ဝမ်းနည်းပူဆွေးမှုများသာ ကျန်ရစ်ခဲ့သည်။ အထူးသဖြင့် အရာရာတိုင်းသည် ပုံမှန်လည်ပတ်နေသည်ဟု ထင်ရသည့် အခိုက်အတန့်များတွင် ဘဝတစ်ခု ပျက်စီးနိုင်လောက်သည့် အခြေအနေမျိုး ရုတ်ခြည်းဝင်ရောက်လာနိုင်ကြောင်းကို နာကျင်စွာ သတိပေးလိုက်သည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။

> ❖ **မော်တော်ဆိုင်ကယ်စီးစဉ် ဆိုင်ကယ်စီးဦးထုပ်ကို သေချာစွာဆောင်းထားခြင်းသည် မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ကြောင့် သေဆုံးမှုကို လုံးဝကာကွယ်မပေးနိုင်သည့်တိုင် သေဆုံးနိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ပါသည်။ မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပွားချိန်တွင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားခြင်းကြောင့် သေဆုံးသူ ၁၀၀ မှာ ၃၇ ယောက်ကို သေဆုံးမှု မဖြစ်အောင် အသက်ကယ်ဆယ်နိုင်ပါသည်။ ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားခြင်းအားဖြင့် မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ချိန်မှာ အသက်အန္တရာယ်ဖြစ်စေနိုင်မှုကို ထိထိရောက်ရောက် လျှော့ချနိုင်ကြောင်းကိုလည်း လေ့လာမှုစစ်တမ်းများက အခိုင်အမာပြဆိုထား**

မော်တော်ဆိုင်ကယ် မတော်တဆမှုသည် နစ်နာသူနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာနာကျင်ခြင်းနှင့် ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ အလားတူ ကြေကွဲဖွယ်ဖြစ်ရပ်များကို ရှောင်ရှားနိုင်ရန်အတွက် ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ သိရှိလိုက်နာသင့်သည့်အချက်များကို ပညာပေးလှုံ့ဆော်ခြင်းဖြင့် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပွားမှုများကို လေ့လာခြင်း

ယာဉ်တိုက်မှုဖြစ်စဉ်များ၏ ၃၀ ရာခိုင်နှုန်းခန့်သည် မော်တော်ဆိုင်ကယ်ကဲ့သို့သော နှစ်ဘီးတပ်၊ သုံးဘီးတပ် စက်တပ်ယာဉ်များ စီးနင်းမှုနှင့် သက်ဆိုင်နေပါသည်။ အရှေ့တောင်အာရှဒေသတွင် ယာဉ်တိုက်မှုဖြစ်ပွားမှုမှတစ်ဆင့် သေဆုံးရမှု၏ ၄၃ ရာခိုင်နှုန်းခန့်သည် မော်တော်ဆိုင်ကယ်စီးနင်းမှုကြောင့် ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် အချက်အလက်မှတ်တမ်းများအရ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ၇၃ ရာခိုင်နှုန်းနှင့် ၇၄ ရာခိုင်နှုန်းအထိ အသီးသီးရှိခဲ့ကြောင်း သိရသည်။

ထိခိုက်သူများ၏ ၆၀ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၃၀ ကြားလူငယ်များဖြစ်သည်။ ပြီးခဲ့သော ဆယ်စုနှစ်များတွင် မော်တော်ဆိုင်ကယ် စီးနင်းမှုနှင့် ပတ်သက်၍ အန္တရာယ်ကင်းကင်း စီးနင်းနိုင်ရေး



အကာအကွယ်နှင့်ဥပဒေသများ သိသိသာသာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော်ငြား အန္တရာယ်ကတော့ ရှိနေဆဲပင်ဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုခန့်အတွင်းတွင် နှစ်ဘီးတပ်နှင့် သုံးဘီးတပ် မော်တော်ဆိုင်ကယ်တိုက်မှုကြောင့် သေဆုံးသူဦးရေသည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် လူဦးရေ ၁၀၀၀၀၀ တွင် ၂ ဒသမ ၃၇ ဦး မှ ၃ ဒသမ ၂၃ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းများအနက်မှ တစ်ခုမှာ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် လုံလောက်သော အကာအကွယ်များ မပါဘဲ စီးနင်းနေမှုများကြောင့်ဖြစ်ပါသည်။ မော်တော်ဆိုင်ကယ်တိုက်မှုကြောင့်ဖြစ်ရသည့် သေဆုံးမှုသည် တခြားသော ယာဉ်တိုက်မှုများနှင့် နှိုင်းယှဉ်ပါက ၂၈ ဆ ပိုမိုများပြီး ထိခိုက်ဒဏ်ရာရမှုလေးဆပိုများကြောင်း စစ်တမ်းများအရ သိရပါသည်။

ထို့ပြင် အရှိန်ပြင်းစွာ မော်တော်ဆိုင်ကယ် စီးနင်းမှုများကလည်း ထိခိုက်ဒဏ်ရာရနိုင်ခြေနှင့် သေဆုံးနိုင်ခြေကို ပိုမိုမြင့်မားစေပါသည်။ မော်တော်ဆိုင်ကယ်ထိခိုက်မှုဖြင့် သေဆုံးမှုများ၏ သုံးပုံနှစ်ပုံကျော်မှာ အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့်ဖြစ်သည်။ အရှိန်ပြင်းလေလေ ယာဉ်တိုက်မှုဖြစ်ပါက ထိခိုက်ဒဏ်ရာနှင့် အသက်အန္တရာယ်ဖြစ်နိုင်မှုအတိုင်းအဆ မြင့်တက်လေလေဖြစ်သည်။ မူးယစ်သောက်စားပြီး မော်တော်ဆိုင်ကယ်စီးခြင်းကလည်း ယာဉ်တိုက်မှုဖြစ်ရခြင်းများ၏ အဓိက အကြောင်းရင်းများအနက်မှ တစ်ချက်ဖြစ်သည်။

မော်တော်ဆိုင်ကယ်တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းများ၏ လေးပုံတစ်ပုံကျော်သည် မူးယစ်သောက်စားထားခြင်းကြောင့် ဖြစ်ကြောင်းလည်း စစ်တမ်းများက ဆိုသည်။ မူးယစ်သောက်စားပြီး မော်တော်ဆိုင်ကယ်စီးနင်းခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်းများကို ညနေပိုင်းများတွင် အတွေ့ရများလေ့ရှိပါသည်။ အရက်သောက်ပြီးနောက် မော်တော်ဆိုင်ကယ် တိုက်မှုဖြစ်ပွားမှုများ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ညနေစောင်းအချိန်တွင်ဖြစ်သည်ကို တွေ့ရှိရသည်။

မော်တော်ဆိုင်ကယ် မတော်တဆဖြစ်ပွားမှုများသည် နေ့အချိန်ထက် ညအချိန်များတွင် သုံးဆပိုမိုကြောင်းလည်း သိရပါသည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၏ ညပိုင်းအချိန်များသည် မော်တော်ဆိုင်ကယ်စီးနင်းသူများအတွက် အန္တရာယ်ကျရောက်နိုင်ခြေ အမြင့်ဆုံးသော အချိန်များဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ကြောင့် သေဆုံးရသူများ၏ ၂၄ ရာခိုင်နှုန်းခန့်သည် ညနေခင်း ၆ နာရီမှ ၉ နာရီကြား ဖြစ်ပွားသည်ကို တွေ့ရှိရသည်။ သို့သော်လည်း နေ့ခင်းပိုင်းအချိန်များတွင် မော်တော်ဆိုင်ကယ်အက်ဆီးဒင့်မဖြစ်ဟု မဆိုလိုပါ။ ယေဘုယျအားဖြင့် အလုပ်တက်ချိန်၊ အလုပ်ဆင်းချိန်များတွင်လည်း ဖြစ်ပွားနှုန်းမြင့်မားသည်ကို တွေ့ရှိရသည်။

လမ်းဆုံနေရာများတွင်အဖြစ်များ

မော်တော်ဆိုင်ကယ်အက်ဆီးဒင့်အများစုမှာ နောက်မှတိုက်မိခြင်းထက် ရှေ့မှတိုက်မိသောကြောင့် ဖြစ်ပါသည်။ လမ်းဆုံနေရာများတွင် အဖြစ်များသည်။ ၃၅ ရာခိုင်နှုန်းသော မော်တော်ဆိုင်ကယ် အက်ဆီးဒင့်များသည် လမ်းဆုံများတွင်ဖြစ်သည်။ မော်တော်ဆိုင်ကယ်များသည် တခြားသောယာဉ်များထက်စာလျှင် အရွယ်အစားသေးငယ်သောကြောင့် မော်တော်ကားယာဉ်မောင်းများအနေဖြင့် ဆိုင်ကယ်စီးနင်းသူများကို ရုတ်တရက်မြင်တွေ့ရဖို့ခက်ပါသည်။ ထို့ကြောင့်လည်း မော်တော်ဆိုင်ကယ်များအနေဖြင့် အရှိန်မည်မျှနှင့် ချဉ်းကပ်လာနေကြောင်းကို မော်တော်ကားယာဉ်မောင်းများက ရုတ်တရက်မမြင်တွေ့နိုင်ပါ။ ၎င်းမှတစ်ဆင့် အက်ဆီးဒင့်များ ဖြစ်နိုင်ပါသည်။

မော်တော်ဆိုင်ကယ်အက်ဆီးဒင့်များသည် လူငယ်လူရွယ်များကြားတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။ မော်တော်ဆိုင်ကယ် အက်ဆီးဒင့်ကြောင့် သေဆုံးမှုများထဲမှ အများစုသည် အသက် ၂၅ နှစ်နှင့် ၂၉ နှစ်အကြား လူငယ်များဖြစ်သည်ကို တွေ့ရှိရပါသည်။ ၎င်းအသက်အရွယ်အများစုသည် အတွေ့အကြုံနည်းခြင်း၊ အန္တရာယ်ကို ချိန်ဆနိုင်မှုအားနည်းခြင်းတို့ကြောင့် ဖြစ်သည်။ အမျိုးသားများသည် အမျိုးသမီးများထက် ဆိုင်ကယ်အက်ဆီးဒင့်ကြောင့် သေဆုံးမှုပိုများသည်ကိုလည်း တွေ့ရသည်။ အက်ဆီးဒင့်ဖြစ်ပွားမှုများတွင် မောင်းနှင်သူနေရာတွင် ရှိနေသည်မှာ အမျိုးသားအများစုဖြစ်နေပြီး အမျိုးသမီးများမှာ စီးနင်းလိုက်ပါသူနေရာတွင် ရှိနေသည်က ပိုမိုများသည်ကို စစ်တမ်းများက ဆိုပါသည်။ မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ကြောင့် သေဆုံးသူအမျိုးသမီးများကို လေ့လာကြည့်ရာတွင် အများစုသည် ကယ်ရီထိုင်ခုံမှာထိုင်၍ လိုက်ပါစီးနင်းလာသူများဖြစ်သည်ကိုလည်း စစ်တမ်းများအရတွေ့ရသည်။

မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပွားမှုများကို ဆန်းစစ်ချက်များအရ ခေါင်းချင်းဆိုင်တိုက်ခိုက်မှု၊ လက်ဝဲဘက်သို့ ကွေ့ခြင်းများ၊ အမြန်နှုန်းများခြင်း၊ မကျန်းမာစဉ် မော်တော်ဆိုင်ကယ် မောင်းနှင်ခြင်း၊ ယာဉ်လမ်းကြောင်းပြောင်းခြင်း၊ မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် တခြားသို့ အာရုံရောက်နေခြင်း၊ စည်းကမ်းတကျ စီးနင်းမှုမရှိခြင်း စသည့်အချက်များကြောင့် ဖြစ်ပွားမှုများကြောင်းကိုလည်း တွေ့ရသည်။

ဘယ်လိုကာကွယ်ကြမလဲ

မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်စဉ် ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားခြင်းသည် အက်ဆီးဒင့်ဖြစ်ပွားချိန်မှာ သေဆုံးမှုကို ကောင်းစွာလျှော့ချနိုင်ပါသည်။ ဆိုင်ကယ်စီးဦးထုပ်သည်လည်း သတ်မှတ်အရည်အသွေး ပြည့်မီရန် လိုအပ်ပါသည်။ သို့သော် ဆိုင်ကယ်စီးဦးထုပ် လုံးဝမဆောင်းထားခြင်းထက် မည်သည့်ဆိုင်ကယ်စီးဦးထုပ်အမျိုးအစားဖြစ်စေ ဆောင်းထားပြီး ဆိုင်ကယ်စီးနင်းပါက အန္တရာယ်ဖြစ်စေနိုင်မှုကို ကောင်းစွာ လျှော့ချနိုင်ပါသည်။ မေးသိုင်းကြိုးကိုတော့ သေချာ စည်းနှောင်ထားရန် လိုအပ်ပါသည်။

မော်တော်ဆိုင်ကယ်စီးစဉ် ဆိုင်ကယ်စီးဦးထုပ်ကို သေချာစွာဆောင်းထားခြင်းသည် မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ကြောင့် သေဆုံးမှုကို လုံးဝကာကွယ်မပေးနိုင်သည့်တိုင် သေဆုံးနိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ပါသည်။ မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပွားချိန်တွင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားခြင်းကြောင့် သေဆုံးသူ ၁၀၀ မှာ ၃၇ ယောက်ကို သေဆုံးမှုမဖြစ်အောင် အသက်ကယ်ဆယ်နိုင်ပါသည်။ ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားခြင်းအားဖြင့် မော်တော်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ချိန်မှာ အသက်အန္တရာယ်ဖြစ်စေနိုင်မှုကို ထိထိရောက်ရောက် လျှော့ချနိုင်ကြောင်းကိုလည်း လေ့လာမှုစစ်တမ်းများက အခိုင်အမာ ပြဆိုထားပါသည်။

စာမျက်နှာ ၁၇ သို့

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၉ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါး အချပ် ၂၀ ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှု အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန် မရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၉.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

စဉ်	ရေလှောင်တမံအမည်	ကန်ရေပြည့်		ကန်ရေသေ		(၂၉.၁၀.၂၀၂၄)နေ့ရှိ			ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ)	ကန်ရေပြည့်ရန် လိုအပ်သည့်		ကန်ရေပြည့်ပြီး		မိုးရေချိန် (လက်မ)	ယခင်နေ့ ရေမှတ်
		ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဧကပေ)	ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဧကပေ)	ဝင်ရေ (ဧကပေ)	ရေမှတ် (ပေ)	သိုလှောင် ပမာဏ (ဧကပေ)		ရေအနက် (ပေ)	သိုလှောင် ပမာဏ (ဧကပေ)	အမြင့် (ပေ)	ပိုလျှံရေ ပမာဏ (ဧကပေ)		
၁	ပေါင်းလောင်းတမံ	၆၂၃.၃၉	၅၄၉၄၂၀	၅၄၁.၃၆	၂၇၃၆၆၀	၁၃၈၆၂	၆၂၂.၅၆	၅၄၆၁၉၆	၁၇၈၇၅ (လျှပ်စစ်ထုတ်ရေ)	၀.၈၃	၃၂၂၄	-	-	-	၆၂၃.၅၈
၂	မဒန်းတမံ	၆၃၅.၀၀	၃၆၅၀၀	၅၉၀.၀၀	၅၂၀၀	၁၃	၆၂၇.၇၀	၂၈၈၀၇	-	၇.၃၀	၇၆၉၃	-	-	-	၆၂၇.၇၀
၃	ချောင်းမငယ်တမံ	၅၂၀.၀၀	၉၁၇၇၀	၄၈၀.၀၀	၁၅၃၀၀	၄၀	၅၁၉.၁၀	၈၉၃၁၃	-	၀.၉၀	၂၄၅၇	-	-	-	၅၁၉.၁၀
၄	ဖောင်းလောင်တမံ	၅၁၂.၀၀	၁၂၂၅၇	၄၉၀.၅၀	၂၅၄၀	၉	၅၀၉.၆၀	၁၀၅၀၄	၁	၂.၄၀	၁၇၅၃	-	-	-	၅၀၉.၆၀
၅	ရေဆင်းတမံ	၄၃၉.၀၀	၇၃၀၀၀	၃၆၈.၄၀	၁၀၄၀	၁၄၈	၄၃၇.၇၈	၆၉၃၄၀	၁၂၄	၁.၂၂	၃၆၆၀	-	-	-	၄၃၇.၇၈
၆	ငလိုက်တမံ	၅၃၅.၀၀	၇၅၀၀၀	၅၀၆.၀၀	၁၂၉၅၀	၃၆	၅၃၄.၉၅	၇၄၇၉၉	-	၀.၀၅	၂၀၁	-	-	-	၅၃၄.၉၅
၇	သဲဖြူတမံ	၄၁၈.၀၀	၈၇၁၈	၃၉၀.၀၀	၆၈၇	၁	၄၁၅.၆၅	၇၃၉၁	၁၁	၂.၃၅	၁၃၂၇	-	-	-	၄၁၅.၆၉
၈	ဆင်သေတမံ	၇၁၀.၀၀	၁၄၃၀၉၀	၆၇၄.၀၀	၁၇၃၀၃	၄၁	၇၀၃.၆၄	၁၀၈၁၉၃	၁၄၂	၆.၃၆	၃၄၈၉၇	-	-	-	၇၀၃.၆၇
၉	ကင်းသာရေထိန်းတမံ	၅၅၈.၅၀	၇၂	၅၄၅.၀၀	၈					ရေတိုက်စား				-	
၁၀	မုန်ရေထိန်းတမံ	၆၀၂.၀၀	၅၀၀	၅၉၂.၀၀	၂၂၅	၁၁၀	၆၀၁.၈၀	၄၉၀	၆၁	၀.၂၀	၁၀	-	-	-	၆၀၁.၈၅
၁၁	မြို့လှတမံ	၈၇၀.၀၀	၁၄၆၀၀	၈၅၀.၀၀	၄၅၂၀	၉	၈၆၃.၄၀	၁၀၀၈၇	၂၈	၆.၆၀	၄၅၁၃	-	-	-	၈၆၃.၄၅
၁၂	တောက်ပြိုတမံ	၆၇၉.၀၀	၂၄၉၁	၆၅၉.၀၀	၄၇၅	၁	၆၇၄.၀၀	၁၈၃၈	-	၅.၀၀	၆၅၃	-	-	-	၆၇၄.၀၀

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် အချပ် ၂၀ ထောင်ထားပါသည်။

စာမျက်နှာ ၁၆ မှ

သို့တိုင်အောင် နောက်ပိုင်းမှာ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မော်တော်ဆိုင်ကယ်စီးနင်းမှုများ လျော့နည်းလာသည်ကိုလည်း စိတ်မကောင်းဖွယ် တွေ့မြင်ရသည်။ အမေရိကတွင် ပြုလုပ်ထားသော စစ်တမ်းတစ်ခု၌ ၂၀၀၀ ပြည့်နှစ်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူ၏ ၇၁ ရာခိုင်နှုန်းသည် ဆိုင်ကယ်စီးဦးထုပ် ဆောင်းလေ့ရှိသော်လည်း ၂၀၂၂ ခုနှစ်တွင် ၆၇ ရာခိုင်နှုန်းအထိ လျော့သွားကြောင်း ဆိုသည်။ သို့ဖြစ်၍ မော်တော်ဆိုင်ကယ်စီးနင်းသူတိုင်း ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး မပျက်မကွက် သေချာစွာ တပ်ဆင်၍ မောင်းနှင်စီးနင်းကြစေလိုပါသည်။

ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းဖွင့်၍ မောင်းနှင်ရန် အထူးလိုအပ်

နောက်ထပ် အရေးကြီးသော အချက်များအနေဖြင့် အရှိန်မြင့် မောင်းနှင်းခြင်းမျိုး ရှောင်ကြဉ်ပါ။ သတ်မှတ်ထားသော အမြန်နှုန်း အတွင်းသာ မောင်းနှင်ရန် အထူးသတိပြုကြရန်လိုပါသည်။ လမ်းကြောင်း သတ်မှတ်ချက်များနှင့် လမ်းညွှန်များကို လိုက်နာပါ။ မိမိယာဉ် လမ်းကြောအတိုင်းသာ မောင်းနှင်ပါ။ လမ်းပေါ်တွင်ရှိသော အခြား ယာဉ်များ၊ လူကူးမျဉ်းကျားများ၊ လမ်းဖြတ်ကူးမှုများကို သတိရှိရှိ ကြည့်ရှုမောင်းနှင်ပါ။ မိုးရွာချိန်များတွင် အမြင်ကန့်သတ်ချက်များ ရှိသည့်အပြင် လမ်းချော်နိုင်သည်ကြောင့် အထူးသတိပြုသင့်သည်။ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲထားပါက မော်တော်ဆိုင်ကယ် မမောင်းသင့်ပါ။ မော်တော်ဆိုင်ကယ် ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်း ဖွင့်၍ မောင်းနှင်ရန် အထူးပင်လိုအပ်ပါသည်။ ထို့ပြင် မော်တော်ဆိုင်ကယ်တွင် နောက်ကြည့်မှန်များကို သေချာစွာ တပ်ဆင်မောင်းနှင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

အချုပ်ဆိုရလျှင် မော်တော်ဆိုင်ကယ်အက်ဆီးဒင့်များမှာ မကြာခဏ ဖြစ်ပွားလေ့ရှိကာ ဖြစ်ပွားပါကလည်း အလွန်အန္တရာယ်များပြီး အသက်အန္တရာယ်နှင့်နီးပါသည်။ ထို့ကြောင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ကြုံတွေ့ရနိုင်သော၊ အသက်ပါ ဆုံးရှုံးသွားစေနိုင်သော၊ ဘဝတစ်ခုလုံးနှင့်ရင်းရသော ဆိုးကျိုးများကို ရှောင်ကြဉ်နိုင်ရန် မော်တော်ဆိုင်ကယ်မောင်းနှင်သည်နှင့် တစ်ပြိုင်နက် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာတပ်ဆင်ကာ ဆောင်းခြင်း၊ အရှိန်ထိန်း၍ မောင်းနှင်ခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို လိုက်နာခြင်း စသည့် မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်ရာတွင် လိုက်နာရမည့် အချက်များအား စနစ်တကျဖြင့် အစဉ်သတိပြု လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

နိုင်ငံစီးပွားဖွံ့ဖြိုးဖို့ တရားမဝင်ကုန်သွယ်မှုများတိုက်ဖျက်စို့

မောင်မျိုးမင်း

- **မြန်မာ့စီးပွားရေး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး အလေးထား ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး များစွာ အဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းပပျောက်စေရန်အတွက် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီး**
- **တရားမဝင်ကုန်သွယ်မှုများမှတစ်ဆင့် ရရှိလာသော အမြတ်ငွေများစွာအား ငွေကြေးခဝါချခြင်း၊ အခြားသော တရားမဝင်လုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများသို့ ကူညီထောက်ပံ့ပေးနေမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ခြင်းများ ဖြစ်ပေါ်လာစေနိုင်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”** ဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်ရေးကို အားပေးကူညီ ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် မူတည်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသောကြောင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်မှုများ လုပ်ဆောင်နေသကဲ့သို့ အခြားပြည်ပနိုင်ငံများသို့လည်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဟန်ချက်ညီညီဖြစ်အောင် ဆောင်ရွက်

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်မှုလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဟန်ချက်ညီညီဖြစ်အောင် ဆောင်ရွက်ရန်မှာ လွန်စွာအရေးပါလှသည်။ မိမိတို့ပြည်တွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ပြည်တွင်းထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးသည်လည်း လွန်စွာအရေးကြီးသဖြင့် နိုင်ငံတော်မှ အလေးထားတိုက်တွန်း ဆောင်ရွက်လျက်ရှိပါသည်။

> **“တရားမဝင် ကုန်သွယ်မှုများကို ထိထိရောက်ရောက် တားဆီးတိုက်ဖျက်နိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်း - ၀၆၇ - ၄၀၉၈၈၃ နှင့် အီးမေးလ်** antiillegaltradeinfo@ gmail.com **သို့ သတင်းအချက်အလက် မှန်ကန်ခိုင်မာစွာနှင့် အချိန်မီပေးပို့ကြခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တာဝန်သိစွာ ပူးပေါင်းပါဝင်ကြပါရန်”**

မြန်မာ့စီးပွားရေး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး များစွာအဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းပပျောက်စေရန်အတွက် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးပါသည်။ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်မှုများရရှိစေရန် ဆောင်ရွက်ရာတွင် များစွာထိခိုက်မှုရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခွန်အခများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်များနှင့် အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများ ရှိစေနိုင်ခြင်းတို့ကြောင့် ထိထိရောက်ရောက် ကာကွယ်၊ တားဆီး၊ အရေးယူဆောင်ရွက်ရန် လိုအပ်လှပါသည်။ တရားမဝင်ကုန်သွယ်မှုများမှတစ်ဆင့် ရရှိလာသော အမြတ်ငွေများစွာအား ငွေကြေးခဝါချခြင်း၊ အခြားသော တရားမဝင်လုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းနှင့် အကြမ်းဖက် အဖွဲ့အစည်းများသို့ ကူညီထောက်ပံ့ပေးနေမှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ခြင်းများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများ၏ အန္တရာယ်ကို အမြဲစောင့်ကြည့်ပြီး ထိန်းကျောင်းနိုင်ရန်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်၊ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်၊ နည်းပညာအဟန့်အတားများဆိုင်ရာ သဘောတူညီချက်နှင့် ကုန်သွယ်မှုနှင့် ဆက်နွယ်သည့် မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များ ပါဝင်သည့် ပြဋ္ဌာန်းချက်များကို အသုံးပြုပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

အရှိန်အဟုန်ဖြင့် အရေးယူသွားရန် လိုအပ်

ကုန်သွယ်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာနှင့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ ကုန်သွယ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မျှတမှုများအတွက် တရားမဝင်ကုန်သွယ်မှုများကို လိုလားမှုမရှိပါ။ ဆိုးကျိုးများအနေဖြင့် အမှန်တကယ် ရိုးရိုးသားသားကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော တိုင်းရင်းသားလုပ်ငန်းရှင်များအား ထိခိုက်နစ်နာစေခြင်း၊ စားသုံးသူပြည်သူများအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် ပြည်တွင်းသို့ ကုန်စည်အတုအပများ ဝင်ရောက်လာသဖြင့် ပြည်တွင်းဈေးကွက်အပေါ် ယုံကြည်မှုလျော့နည်းလာနိုင်ခြင်း၊ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုသာ သုံးစွဲလိုခြင်းနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်အခများ မရရှိနိုင်ခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် အရေးယူသွားရန် လိုအပ်မည်ဖြစ်ပါသည်။

သတင်းပေးဆုကြေးငွေများအား ပေးအပ်ချီးမြှင့်

နိုင်ငံတော်အနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးတိုက်ဖျက်နိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်သည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများအပေါ် နိုင်ငံတော်အနေဖြင့် ပြန်လည်ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် သတင်းပေးဆုကြေးငွေများအား ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် တားဆီးတိုက်ဖျက်နိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း – ၀၉–၄၀၄၃၃၉၉၆၉၊ အော်တို တယ်လီဖုန်း– ၀၆၇ – ၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းအချက်အလက် မှန်ကန်ခိုင်မာစွာနှင့် အချိန်မီပေးပို့ကြခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် တာဝန်သိစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပဲခူးမြို့နယ်အတွင်းမှ သိမ်းဆည်းရမိသည့် လိုင်စင်မဲ့မော်တော်ယာဉ်များ။(၈-၁၀-၂၀၂၄)

စက်ယန္တရားအပိုပစ္စည်းများ
စက်ယန္တရားအပိုပစ္စည်းများ
အင်တာနက်အပိုပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိသည့် အကောက်ခွန်မဲ့ပစ္စည်းများ။ (၂၄-၁၀-၂၀၂၄)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၀-၂၀၂၄ ဗုဒ္ဓဟူးနေ့

MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ပုသိမ်မြို့မှကြိုဆိုပါ၏
၁၀:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း **"မှုပိုင်ရှင်"**
၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူအနားကချစ်လိပ်ပြာ"** (အပိုင်း-၁၉)
၁၃:၁၅ သီချင်းကြိုးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"ယုံကြည်ရာလမ်း"** (အပိုင်း-၁၇)
၁၅:၃၅ Weekly Soccer Preview
၁၆:၄၅ [illegible]
၁၇:၀၅ ရှေ့သို့ချီမည့်ပန်းတိုင်ဆီ
၁၇:၂၀ NEXT LEVEL
၁၇:၃၀ လေ့လာရေးခရီးစဉ် အမိမြန်မာပြည်တစ်ခွင် **"မြန်ဆုံဦးမယ် ငေါင်လန်ဖူးရယ်"**
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆုတောင်းဖြည့်ကြယ်တာရာစတားလာ"** (အပိုင်း-၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၂၅ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ) **"ငါးပါးဒသာကူရ ဇာတ်တော်ကြီး"** (နှစ်သိမ့်ဆု)(ဧဝရှောသီရိ ရုပ်စုံသဘင်အဖွဲ့)(စစ်ကိုင်းတိုင်းဒေသကြီး)

mitv

07:01 Evergreen Classic: Migadawon (Tekkatho Lei Lei)
07:10 Traditional Myanmar Theatrical Performance: The Captivating Performance of Male Damcers
07:18 Edible Beauty: Tha Khut
07:46 A Way of Life: Karate-do
08:01 News
08:26 Global Updates: Can solar flares harm Earth&#39;s technology
08:30 Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
08:47 Weaving Craft for a living
09:01 Innovative Handiworks Based On The Art Of Line Drawing
09:32 Don Min Artist
10:01 News

MRTV NRC

ဝ (၀၆:၀၀ မှ ၀၈:၀၀)
သံပရာသီးအကြောင်းသိကောင်းစရာ

ကချင် (၀၈:၀၀ မှ ၁၀:၀၀)
ပျားမွေးမြူရေး(လူသားတို့ရဲ့ကျေးဇူးရှင်များ)

ကယား (၁၀:၀၀ မှ ၁၂:၀၀)
ကယားရိုးရာခေါင်ရည်

စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)
မြောင်းမြမုန့်ဟင်းခါးချက်စားရအောင်

အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)
တံမြက်စည်းလက်မှုပညာ

အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)
ပန်းချီဆရာစေတွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း

ချင်း(လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)
ကြက်သားတုံးကြော်

ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀)
လည်ပတ်ချင်စရာချစ်ကျေးရွာ(အပိုင်း-၂)

မွန် (၁၇:၀၀ မှ ၁၉:၀၀)
ရာမညမြေမှ အမွေအနှစ်များ

ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
ရခိုင်မုန့်တီ

ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရှင်ပြုပွဲ)

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၇:၀၀ ပြည်တွင်းသတင်း(LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၈:၁၅ ပင်နာမြေက LUCKY
၁၉:၄၅ Sports Max
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **"ကိုရီးယားနိုင်ငံ"**
၀၉:၃၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို **"ငွေအသုံးကျန်းတစ်ဝက်"**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **"ဝင်တာရှုနိုင်ငံ"**
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည့်ပန်းတိုင်ဆီ (အပိုင်း-၃၄)

MRTV FARMERS HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၂၀ Yoga
၁၀:၄၀ BBC.Planet.Earth.II.
၁၉:၄၅ International Music Hits
၂၂:၀၀ ၂၀ရာစုမျက်ရည်စက်များ (ဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၆:၄၅ Weekly MNL Review
၁၅:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို [illegible]

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ချင်းပြည်နယ်ဝန်ကြီးချုပ် ထပ်ဆင့်ရှင်းလင်းပြောကြား

ဟားခါး အောက်တိုဘာ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၄) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်များအပေါ် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ သိရှိသင့်သိရှိထိုက်သည့် လမ်းညွှန်ချက်များကို အချက်တစ်ခုချင်းစီအလိုက် ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးအောင်ချိုတို့က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရှင်းလင်းမှာကြားချက်များအပေါ် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဖြူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာများသို့ စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာများ လွှဲပြောင်းပေးအပ်

ဖြူး အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ ငါးရွာအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလင်းနောင်ဦးက စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရာတွင် ရရှိမည့်အကျိုးကျေးဇူးများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ဖြန့်ဝေမည့် မြစိမ်းရောင်ကျေးရွာများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ခင်တန်းကြီးကျေးရွာအုပ်စု၊ ကျွဲမကူးကျေးရွာ ပြောင်သေကျေးရွာအုပ်စု၊ ရွာမကျေးရွာ၊ပတ္တာကျေးရွာအုပ်စု၊ ညောင်အိုင်ကျေးရွာ၊ ကညွတ်ကွင်းမြို့ ကွင်းအနောက်(၂) ရပ်ကွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီမှ မှာယူသော စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာငါးခုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

နေမျိုးလွင် (ပြန်/ဆက်)

ပေါင်းတည်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စွန့်ပစ်ပစ္စည်းများဆိုင်ရာအသိပညာပေး

ပေါင်းတည် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယမန်နေ့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စွန့်ပစ်ပစ္စည်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင် အမှာစကားပြောကြားသည်။ ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ခရိုင်ရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ထွေးက မြို့ရေိယာ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုဗေဒ စွန့်ပစ်ပစ္စည်းများအပါအဝင် ပလတ်စတစ်ပြဿနာ၊ စနစ်တကျအမှိုက်မစွန့်ပစ်ခြင်း ဆိုးကျိုးများစသည်တို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **ရွှေသား(ပြန်/ဆက်)**

၂၉ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၄၀၀	၈၅၀၀	၂၃၀	၁၉၁၉၃၀၀
MTSH	၃၃၀၀	၃၃၀၀	၁၃၂၉	၄၃၃၅၇၀၀
MCB	၈၄၀၀	၈၄၀၀	၉၃	၇၈၁၂၀၀
FPB	၂၀၀၀	၂၀၀၀	၁၂၉၂	၂၅၈၄၀၀၀
TMH	၂၈၀၀	၂၈၅၀	၁၀၉	၃၁၀၂၀၀
EFR	၁၇၀၀	၁၆၅၀	၇၀၇	၁၁၇၆၅၅၀
AMATA	၄၄၀၀	၄၅၀၀	၃၈	၁၆၇၄၀၀
MAEX	၃၃၀၀	၃၃၀၀	၇၄၁	၂၄၄၅၃၀၀
MADPL (PLB)	၃၅၀၀၀	၃၅၀၀၀	၀	၀

ဘာသာပြန်ခြင်း အနုပညာ

စာအုပ်စာပေသည် လူ့ဘဝတိုးတက်ရေးအတွက် ထောက်တိုင်များဖြစ်ကြသည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူနေသူများသည် ဗဟုသုတကြွယ်ဝပြီး တွေးခေါ်မြော်မြင်ဆုံးဖြတ်နိုင်စွမ်း မြင့်မားလျက်ရှိကြသည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များသည် အချိန်နှင့်တစ်ပြေးညီ လွှမ်းခြုံဆက်စပ်ဖြစ်ပေါ်လျက်ရှိသည်။ ထိုဖြစ်စဉ်ဖြစ်ရပ်များကို အချိန်မီသိရှိနားလည်သဘောပေါက်နိုင်ရန်အတွက် ကမ္ဘာသုံးအင်္ဂလိပ်စာကို အခြေခံလောက်တော့ပြောဆိုရေးသားနိုင်အောင် လေ့လာသင်ယူထားသင့်ပေသည်။ တတ်နိုင်မည်ဆိုလျှင် အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ်သို့ ပြန်ဆိုနိုင်ရန်အတွက် လေ့ကျင့်ထားသင့်သည်။

မောင်သောင်းဝင်း(တမန်ဟောင်း)

လေ့လာသင်ယူခဲ့

ဗြိုင်ဆိုင်မှုပြင်းထန်လာသော မျက်မှောက်ကာလတွင် အင်္ဂလိပ်စာသည် မရှိမဖြစ် ကမ္ဘာသုံးဘာသာစကားလို ဖြစ်လာသည်။ အင်္ဂလိပ်စာကျွမ်းကျင်သူတစ်ဦးသည် မိမိသိရှိလိုသော သတင်းအချက်အလက်မှန်သမျှကို အင်တာနက်မှတစ်ဆင့် ချက်ချင်းရှာဖွေနိုင်ပြီဖြစ်သည်။ ထို့ပြင် အင်္ဂလိပ်ဘာသာစကားဖြင့် ထုတ်လွှင့်နေသော ရုပ်သံလိုင်းများတွင်လည်း နောက်ဆုံးသတင်းအချက်အလက်များကို ကြည့်ရှုနိုင်ပြီဖြစ်သည်။ သတင်းအချက်အလက်ကိုသာ လက်ဦးမှုရယူထားနိုင်မည်ဆိုလျှင် လုပ်ငန်းလုပ်ဆောင်ရာတွင် များစွာအထောက်အကူပြုနေမည်ဖြစ်သည်။

စာရေးသူသည် အင်္ဂလိပ်စာကို စိတ်ပါဝင်စားခဲ့သဖြင့် ငယ်စဉ်ကတည်းက တတ်နိုင်သမျှ လေ့လာခဲ့သည်။ ၁၉၉၀ ပြည့်လွန် နှောင်းပိုင်းကာလများတွင် ရန်ကုန်မြို့၌ တာဝန်ထမ်းဆောင်ခွင့်ရရှိစဉ်က ဆရာကြီး ဦးမြကြိုင်၏ အင်္ဂလိပ်စာ အချိန်ပိုင်းသင်တန်းကို နှစ်နှစ်ကျော်၊ သုံးနှစ်နီးပါးခန့်ကို လစာပေးရန်မလိုဘဲ တက်ရောက်ခွင့်ရရှိခဲ့သဖြင့် အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ်ကို အတိုင်းအတာတစ်ခုအထိ ပြောဆိုရေးသား ဘာသာပြန်ဆိုနိုင်စွမ်း ရှိလာခဲ့သည်။ ဆရာကြီး၏ ကျေးဇူးတရားများသည် လွန်စွာကြီးမားလှပေသည်။

အထူးသဖြင့် အင်္ဂလိပ်စာကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးခဲ့သောကြောင့် ပြည်ပသံတမန်တာဝန်ထမ်းဆောင်ရာတွင် ရုံး၊ ဌာနများ၊ ဘဏ်များ၊ ဟိုတယ်များ၊ လေဆိပ်များရှိ နိုင်ငံခြားသားများကို အင်္ဂလိပ်ဘာသာစကားဖြင့် အခက်အခဲမရှိ ဆက်သွယ်ပြောဆို ဆက်ဆံနိုင်ခဲ့သည်။ အင်္ဂလိပ်စာ လေ့လာထားသဖြင့် ပြည်ပမစ်ရှင် တာဝန်ထမ်းဆောင်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိခဲ့သည်။ ဆိုရလျှင် ရည်မှန်းချက်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

နည်းသုံးနည်း

ဘာသာပြန်ဆိုရာတွင် အဓိကအားဖြင့် နည်းသုံးနည်းရှိကြောင်း ပညာရှင်များက ဖွင့်ဆိုထားကြသည်။ ၎င်းတို့မှာ-တိတိကျကျပြန်ဆိုခြင်း သို့မဟုတ် လုံးစေ့ပတ်စေ့ပြန်ဆိုခြင်း သို့မဟုတ် လုံးကောက်ပြန်ဆိုခြင်း၊ သင့်တင့်လျောက်ပတ်အောင် ပြန်ဆိုခြင်း သို့မဟုတ် မြန်မာဆန်အောင် ပြန်ဆိုခြင်းနှင့် မွမ်းမံဖွဲ့နွဲ့ပြန်ဆိုခြင်း၊ ဆီလျော်အောင်ပြန်ဆိုခြင်း၊ မှီငြမ်းပြုခြင်း (Moderating, Adapting)တို့ ဖြစ်ကြသည်။

တိတိကျကျပြန်ဆိုခြင်းသည် မူလဆိုလိုရင်းအဓိပ္ပာယ်၊ စကားလုံးအသုံးအနှုန်း၊ မူလဆိုလိုချက်အကြောင်းအရာများအတိုင်း အပို၊ အလိုမရှိအောင် ပြန်ဆိုခြင်းဖြစ်သည်။ တိကျမှုရှိသော်လည်း တစ်ခါတစ်ရံတွင် စာဖတ်သူပရိသတ်အတွက် ဖတ်ချင်စဖွယ် ချောမောပြေပြစ်မှုမရှိချေ။ ဥပဒေများ၊ စာချုပ်စာတမ်းများကို ပြန်ဆိုရာတွင် ထိုနည်းအတိုင်း ပြန်ဆိုကြပါသည်။

သင့်တင့်လျောက်ပတ်အောင် ပြန်ဆိုရာတွင် ဘာသာပြန်သူသည် မူရင်းအာဘော်ကို စောင့်ထိန်းရန် တာဝန်ရှိသည်။ ထို့ပြင် မြန်မာစာဖတ်ပရိသတ် နားလည်သဘောပေါက်စေရန်အတွက် ပြေပြစ်စွာရေးသားပြန်ဆိုပေးခြင်းလည်းဖြစ်သည်။ စာဖတ်သူလွယ်ကူစွာ နားလည်သဘောပေါက်စေရန်အတွက် စာအထားအသိုနှင့် အစီအစဉ်များကို ပြုပြင်နိုင်သည်။ သို့ရာတွင် မူရင်းစာရေးဆရာ၏ အာဘော်ကို မထိခိုက်အောင် ထိန်းသိမ်းရန် တာဝန်ရှိပါသည်။

မွမ်းမံဖွဲ့နွဲ့ခြင်းနှင့် ဆီလျော်အောင် ပြန်ဆိုခြင်းတို့သည် ဘာသာပြန်ကျွမ်းကျင်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ မူရင်းစာကိုယ်ကို မှီငြမ်းပြု၍ ပြောင်းလဲပြင်ဆင်ရေးဖွဲ့ခြင်း၊ အတုခိုးခြင်း၊ မြန်မာစာဖတ်ပရိသတ် နားလည်စေရန်အတွက် ဖြည့်စွက်ခြင်းနှင့် ထုတ်နုတ်ခြင်းတို့ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဘာသာပြန်ဆိုရာတွင်

ဆရာကြီး ဦးမြကြိုင် ကတော့ မိမိဘာသာပြန်ထားသော စာပေလက်ရာ ချော၊ မချောကို သိရှိနိုင်ရန်အတွက် အလွယ်ကူဆုံးနည်းလမ်းသည် စာဖတ်အားနည်းသူများကို ပေးဖတ်ခိုင်းရန်နှင့် စာဖတ်အားနည်းသူများ နားလည်ပြီဆိုလျှင် ဘာသာပြန်လက်ရာ ကောင်းမွန်သည်ဟု ဆိုပါသည်။ ထို့ကြောင့် သတင်းစာ၊ ဂျာနယ်များတွင် ဘာသာပြန်ဆောင်းပါးရေးခြင်းသည် အလွှာပေါင်းစုံဖတ်ရှုသဖြင့် အတော်လေး ပြေပြစ်ချောမွေ့အောင် ရေးရသည်။ အထူးသဖြင့် မူလဆောင်းပါးရှင်၏ အာဘော်နှင့် ဆိုလိုသည့် အဓိပ္ပာယ်မပျောက်အောင်လည်း ဂရုစိုက်ရသည်။ ဘာသာပြန်ဆောင်းပါးဖြစ်ပြီး English စာ ၃၀ ရာခိုင်နှုန်းလောက်ပါနေလျှင်တော့ ဖတ်ရသူအတွက် စိတ်အနှောင့်အယှက် ဖြစ်နိုင်ပါသည်။ ထို့ပြင် မြန်မာဘာသာမပြန်ဘဲ အင်္ဂလိပ်အသံထွက်အတိုင်း တိုက်ရိုက်မွေးစား သုံးနှုန်းလာမှုများကိုလည်း တွေ့လာရသည်။ စာရေးသူအနေဖြင့် စစ်လက်နက်ပစ္စည်းအမည်ကလွဲလျှင် တတ်နိုင်သမျှ မြန်မာမှုပြုပေးပါသည်။

> **ဘာသာပြန်ကောင်းတစ်ဦး ဖြစ်လိုသူသည် နယ်ပယ်အလိုက် နှံ့စပ်အောင် လေ့လာထားရန်လည်း လိုအပ်ပါသည်။ စကားပြေ၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ သတင်း၊ သုတ၊နည်းပညာ၊ ဥပဒေ၊ စာချုပ်စာတမ်း၊ ဆေးဘက်ပညာ စသည်ဖြင့် နယ်ပယ်ပေါင်းစုံရှိ ဝေါဟာရနှင့် အသုံးအနှုန်းများကို လေ့လာထားရန် လိုအပ်ပါသည်။ နယ်ပယ်ပေါင်းစုံကို လွှမ်းခြုံလေ့လာနိုင်စွမ်း မရှိခဲ့သည့်တိုင်အောင် နေ့စဉ်ဖြစ်ပေါ်နေသော သတင်းအချက်အလက်များကိုမူ ကျွမ်းကျင်ပိုင်နိုင်စွာ ပြန်ဆိုရေးသားနိုင်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာထားရ**

အင်္ဂလိပ်မှ မြန်မာသို့ ဘာသာပြန်ဆိုခြင်းသည် မူရင်းစာရေးဆရာ၏ ရေးသားဖော်ပြချက်ကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းဖြစ်သည်ဆိုသော အချက်ကို လူတိုင်းသိထားကြသည်။ သို့ရာတွင် ထိုသို့ပြန်ဆိုရာ၌ မူရင်းစာရေးဆရာ၏ အာဘော်အတိုင်း ရရှိရန်ဆိုသည့် အဓိကရည်ရွယ်ချက်ကို သွေဖည်သွားခြင်းမျိုး မရှိသင့်ပေ။ ထိုအာဘော်ကို ရရှိရန်အတွက် ဘာသာစကားနှစ်ခုစလုံးကို ကျွမ်းကျင်မှုရှိနေရန် လိုအပ်သည်။ မြန်မာစာ၊ မြန်မာစကားကိုပင် ထဲထဲဝင်ဝင် လေ့လာမထားလျှင် မူရင်းစာရေးဆရာ၏ အာဘော်ကို ဖမ်းမိရန် ခက်ခဲနေမည်ဖြစ်သည်။

ဘာသာပြန်ဆိုရာ၌ အဘိဓာန်စာအုပ်ကောင်းများ ရှိနေရုံမျှဖြင့် မလုံလောက်ပေ။ မူရင်းစာရေးဆရာ၏ အတွေးအခေါ်အယူအဆနှင့် စေတနာတို့ကို ထိမိအောင် ပြန်ဆိုနိုင်ရန်အတွက် အဘိဓာန်စာအုပ်တွင် ဖော်ပြထားခြင်းမရှိပေ။ ဆိုခဲ့ပါ အတွေးအခေါ်နှင့် စေတနာတို့ကို ဖော်ထုတ်နိုင်ရန်သည် ဘာသာပြန်သူ၏ တာဝန်ပင်ဖြစ်သည်။ ဘာသာပြန်သူသည် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်မှ ရှာဖွေပြီးနောက် ဆိုလိုသည့်အတိမ်အနက်ကို ကိုယ်ပိုင်တွေးခေါ်မြော်မြင်မှုဖြင့် ပြန်ဆိုနိုင်ရန် လိုအပ်ပေသည်။

ထို့ပြင် အင်္ဂလိပ်မှ မြန်မာဘာသာသို့ ပြန်ဆိုနိုင်ရေးအတွက် အင်္ဂလိပ်စာအခြေခံသဒ္ဒါကိုလည်း လေ့လာထားရပါသည်။ အင်္ဂလိပ်စာဝါကျတည်ဆောက်မှုကို ထဲထဲဝင်ဝင်နားလည်ပြီး မြန်မာဘာသာသို့ ချောမောပြေပြစ်စွာ ပြန်ဆိုနိုင်ရန်ဖြစ်သည်။ ထိုသို့ ပြန်ဆိုနိုင်ရန်အတွက် အင်္ဂလိပ်သဒ္ဒါအပြင် မြန်မာသဒ္ဒါကိုလည်း နားလည်အောင် လေ့လာထားရသည်။ သို့မှသာလျှင် ဘာသာပြန်ဆိုရာတွင် အဆင်ပြေချောမွေ့နေမည်ဖြစ်သည်။ အင်္ဂလိပ်မှ မြန်မာသို့ ပြန်ဆိုရာတွင် မြန်မာဝေါဟာရကြွယ်ဝနေရန်သည် အခရာပင်ဖြစ်သည်။

အင်္ဂလိပ်မှ မြန်မာဘာသာသို့ ပြန်ဆိုရာတွင် လေ့လာရန်အတွက် အထောက်အကူပြုစာအုပ်မြောက်မြားစွာရှိပါသည်။ အထူးသဖြင့် ဝါရင့်ဆရာကြီးများ ရေးသားထားသည့် အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေသောစာအုပ်များကို နှံ့စပ်စွာ ဖတ်မှတ်လေ့လာပြီး အတုယူပြန်ဆိုရေးသားရပါသည်။ လေ့လာကိုးကားရန် စာအုပ်များမည်မျှပင် များပြားနေစေကာမူ ကိုယ်တိုင်ဝီရိယစိုက်ထုတ်လေ့လာထားမှသာလျှင် ဘာသာပြန်စွမ်းရည်တိုးတက်ပါသည်။ ဘာသာပြန်စွမ်းရည်တိုးတက်ရေးအတွက် အခြေခံအကျဆုံးသော နည်းလမ်းသည် စာများများဖတ်ခြင်းပင်ဖြစ်သည်။

သာဓကအနေဖြင့် အင်္ဂလိပ်စာ သတင်းတစ်ပုဒ်နှင့် ဆောင်းပါးတစ်စောင်ကို ဘာသာပြန်ဆိုမည်ဆိုလျှင် ရှေးဦးစွာ နောက်ခံအကြောင်းအရာကို နားလည်အောင် ဖတ်ရပါသည်။ ထို့နောက်ဝေါဟာရနှင့် ရေးထုံးဖွဲ့စည်းမှုတို့ကို အသေးစိတ်နားလည်အောင် ဖတ်မှတ်ပြီးမှသာ မြန်မာဘာသာသို့ပြန်ဆိုရပါသည်။ မိမိပြန်ဆိုထားသော လက်ရာကို မိမိကိုယ်တိုင် သဘောမကျလျှင် အခြားစာဖတ်သူများ လုံးဝနားလည်မည်မဟုတ်သည့်အတွက် ဝါကျပြေပြစ်ချောမွေ့နေအောင် ကြိုးစားအားထုတ် ပြန်ဆိုရပါသည်။

ဘာသာပြန်ခြင်းအနုပညာ

ဆိုရလျှင် ဆရာကြီးထံတွင် အင်္ဂလိပ်စာ စာဖတ်တန်းများ တက်ထားသည့်အတွက် ဘာသာပြန်ဆိုရာတွင် များစွာအထောက်အကူပြုပါသည်။ အင်္ဂလိပ်စာအုပ်ကောင်း တစ်အုပ်လောက်ကို ကျေညက်စွာ ဖတ်ထားနိုင်ပြီဆိုလျှင် ဘာသာပြန်ဖို့ရန် လွယ်ကူသွားပြီဖြစ်သည်။ ထိုသို့ဘာသာပြန်ဆိုနိုင်ရန်အတွက် အရေးကြီးဆုံးအချက်သည် ဝါကျရှိ အဓိကကြိယာ(Main Verb)ကို ရှာနိုင်ရန်ဖြစ်သည်။ ဝါကျ မည်မျှပင်ရှည်လျားနေစေကာမူ အဓိကကျသည့် ကြိယာကိုတွေ့လျှင် ဘာသာပြန်ဆိုနိုင်ပြီဖြစ်သည်။

ဘာသာပြန်ကောင်းတစ်ဦး ဖြစ်လိုသူသည် နယ်ပယ်အလိုက် နှံ့စပ်အောင် လေ့လာထားရန်လည်း လိုအပ်ပါသည်။ စကားပြေ၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ သတင်း၊ သုတ၊နည်းပညာ၊ ဥပဒေ၊ စာချုပ်စာတမ်း၊ ဆေးဘက်ပညာ စသည်ဖြင့် နယ်ပယ်ပေါင်းစုံရှိ ဝေါဟာရနှင့် အသုံးအနှုန်းများကို လေ့လာထားရန် လိုအပ်ပါသည်။ နယ်ပယ်ပေါင်းစုံကို လွှမ်းခြုံလေ့လာနိုင်စွမ်း မရှိခဲ့သည့်တိုင်အောင် နေ့စဉ်ဖြစ်ပေါ်နေသော သတင်းအချက်အလက်များကိုမူ ကျွမ်းကျင်ပိုင်နိုင်စွာ ပြန်ဆိုရေးသားနိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့လာထားရပါသည်။

အမှန်တော့ မိမိဘာသာပြန်ဆိုချက် ကောင်း၊ မကောင်းကိုမူ လမ်းဘေးကလူကို ဖတ်ခိုင်းကြည့်ပါလို့၊ ထိုလူနားလည်လျှင် ဘာသာပြန်ကောင်းပါသည်။ ဘာသာပြန်ကောင်းတစ်ဦးဖြစ်ရန်အတွက် ကျွမ်းကျင်ပိုင်နိုင်သော ဆရာကြီးများရေးသားထားသည့် အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ် ဘာသာပြန်ဆိုချက်များကို ယှဉ်ထိုးလေ့လာ အတုခိုးရေးသားသွားရပါသည်။ သို့မှသာလျှင် ရှေးဆရာကြီးများ၏ ပြောင်မြောက်သော စကားလုံးများသည် မိမိကိုယ်ပိုင်စကားလုံးများ ဖြစ်လာပါသည်။ ထိုနည်းတူစွာပင် စာနယ်ဇင်းအရေးအသားများကိုလည်း လေ့လာမှတ်သားရပါသည်။ ထို့ကြောင့် စာရေးသူအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများမှ အယ်ဒီတာအာဘော်များကို ဖတ်မှတ်လေ့လာခြင်း၊ ဆရာကြီး ဦးကိုကိုလှိုင်နှင့် ဆရာကြီး ကျော်ဝင်းတို့လို ကျွမ်းကျင်ဆရာကြီးများ၏ ဘာသာပြန် စာအုပ်များနှင့် ဆောင်းပါးများကို ဖတ်ရှုလေ့လာကာ စွမ်းဆောင်ရည်တိုးတက်အောင် ဆောင်ရွက်နေဆဲပင်ဖြစ်ပါသည်။

စင်စစ်အားဖြင့် အင်္ဂလိပ်ဘာသာမှ မြန်မာသို့ ဘာသာပြန်ဆိုခြင်းသည် အနုပညာတစ်ရပ်ပင်ဖြစ်သည်။ အင်္ဂလိပ်စာဝါကျတစ်ကြောင်း သို့မဟုတ် စာတစ်ပိုဒ်ကို ကျွမ်းကျင်မှုမတူညီသောသူများကို ပေးပြီး မြန်မာဘာသာသို့ ပြန်ဆိုခိုင်းကြည့်မည်ဆိုလျှင် လက်ရာအမျိုးမျိုး ထွက်နိုင်ပါသည်။ အင်္ဂလိပ်သဒ္ဒါကျွမ်းကျင်ပြီး မြန်မာစကားပြေအရေးအသားကိုပါ တတ်မြောက်ထားသူတစ်ဦး၏ ပြန်ဆိုချက်ကို လူတိုင်းနားလည်နိုင်ပါသည်။ စာရေးသူအနေဖြင့် ဘာသာပြန်ဆိုရာတွင် မူရင်းစာရေးဆရာများ၏ အတွေးအခေါ်အယူအဆနှင့် စေတနာတို့ကို ထင်ဟပ်ပေါ်လွင်အောင် ပြန်ဆိုနိုင်ရန်နှင့် လူတန်းစားမရွေး နားလည်သဘောပေါက်ခံစားနိုင်စေရန် စဉ်ဆက်မပြတ် ကြိုးပမ်းနေရဆဲပင်ဖြစ်ပါသည်။ ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

မောက်မယ် အ.ထ.က ၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကျင်းပ

မောက်မယ် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတ မြင့်မားတိုးတက်စေရန်၊ လူငယ်လူရွယ်များ အာရုံစူးစိုက်လေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် ရည်ရွယ်၍ အခြေခံပညာအထက်တန်းကျောင်း (မောက်မယ်)၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၌ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမင်းဇော်ဦးက ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း(ထက်ဆင့်) ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် Grade-5 မှ Grade-9 အထိ အတန်းလိုက် တစ်တန်းလျှင် ကျောင်းသားနှင့် ကျောင်းသူတစ်ဦးစီ ရွေးချယ်၍ တောင်ကြီးသို့ ပြည်နယ်အဆင့်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

ကလောမြို့နယ်၌ သဘာဝဘေးကြောင့် ပျက်စီးသွားသော ကျေးလက်ရေရရှိရေးလုပ်ငန်းများ ပြန်လည်ပြုပြင်မည်

ကလော အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် တောင်ပဲ့ကျေးရွာ၌ သဘာဝဘေးကြောင့် ပျက်စီးသွားသော ကျေးလက်ရေရရှိရေးလုပ်ငန်းများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။(ဓာတ်ပုံ)

ထိုသို့စစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် အဖွဲ့ဝင်များသည် တောင်ပဲ့ကျေးရွာ ရေရရှိရေးအတွက် ဆောင်ရွက်ခဲ့သည့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်၊ ရေတားတမံနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာဒေသခံများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညည

လှိုင်လင်မြို့နယ် အောင်ချမ်းသာငွေစုငွေချေးသမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

လှိုင်လင် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့နယ် အောင်ချမ်းသာ အစိုးရဝန်ထမ်းပေါင်းစုံ ငွေစု ငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် စုဆောင်းငွေပေါ် အတိုးချီးမြှင့်ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။(ဓာတ်ပုံ)

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဇော်မင်း၊ အစည်းအဝေးသဘာပတိနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ဒါရိုက်တာအဖွဲ့၏ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် လုပ်ငန်းအစီရင်ခံစာ ဖတ်ကြားခြင်း၊ စာရင်းစစ်အဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ချုပ်အစီရင်ခံစာ ဖတ်ကြားခြင်း၊ အသင်းသားများက အကြံပြုဆွေးနွေးကြပြီး သဘာပတိက အတည်ပြုချက်ရယူသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် စုဆောင်းငွေအပေါ် အတိုး ငွေကျပ် ၁၉၄၅၇၇၀၀ ကို သဘာပတိကပေးအပ်ရာ အသင်းသား ကိုယ်စားလှယ်တစ်ဦးက လက်ခံယူသည်။ ယင်းနောက် ထူးချွန်ဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

လှိုင်လင်မိုး

မိုင်းလားမြို့နယ် (၂၆)မိုင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

မိုင်းလား အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် (၂၆)မိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

(၂၆)မိုင်ကျေးရွာ၌ အရှည် ပေ ၃၈၀၊ အကျယ် ၁၀၊ ထု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းလားမြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့်ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်းအချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

(၂၆)မိုင်ကျေးရွာ၌ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၁၆၀ ဖြင့် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

ဆင်မကြီး မိုမို ၇၁ နှစ်ပြည့် မွေးနေ့ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ဆင်မကြီး မိုမို၏ ၇၁ နှစ်ပြည့်မွေးနေ့ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ ပြည်သူချစ်အနုပညာရှင်ပေါင်းများစွာနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဆင်မကြီး မိုမိုမွေးနေ့အလှူ အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ မွေးနေ့ကိတ်ခွဲခြင်းနှင့် အခြားပျော်ရွှင်ဖွယ်ရာအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဆင်မကြီး မိုမိုသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ် ကြည့်ရှုလေ့လာသူများအား နှစ်ပေါင်း ၅၀ ကျော်ကြာ ဖျော်ဖြေပေးခဲ့ပြီး ၎င်း၏အမည်အား ခေါ်လိုက်လျှင် ပြန်ထူးတတ်ခြင်းနှင့် မမပုသိမ်သူ လမ်းလျှောက်သောပုံစံဖြင့် ကကွက်တို့မှာ လူကြိုက်များသည်။ ၎င်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အနားပေးကာ မိုမို၏ အသက် ၆၀ ပြည့်မွေးနေ့မှစ၍ နှစ်စဉ်အောက်တိုဘာလတွင် မွေးနေ့ပွဲကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ကျင်းပလေ့ရှိသည်။

အောင်မြင့်(ပြန်/ဆက်)

တရားမဝင် စက်သုံးဆီများ၊ သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အုပ်စု နိုင်းစတားစက်သုံးဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်လေးစီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၄၄၄ ပီပါ၊ ဓာတ်ဆီ ၁၄၈ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် JAC Tractor Head နှစ်စီး၊ Dong Feng Tractor Head နှစ်စီးနှင့် နောက်တွဲဆီသယ်ယာဉ် လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၇၃၆၂၈၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၃၆၂၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၈၂၉၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Corolla Fielder တစ်စီး၊ စက်မှုဇုန်ထုတ် Myanmar Station Wagon တစ်စီး၊ Mitsubishi Pajero တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) ကို လည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၈၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၂၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန် – မန္တလေးလမ်း မိုင်တိုင် အမှတ် (၃၅၂)မိုင်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၁၄၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၆၀၈၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hi-Ace မော်တော်ယာဉ်တစ်စီးနှင့် စက်မှုဇုန်ထုတ် AMA AUNG MYAN မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၅၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၃၁၂)ကို သစ်တောဥပဒေ အရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၃၉၃၁၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာကေတဆိပ်ကမ်း၌ ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၁၂၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်–ရေး ကားလမ်းမကြီးပေါ်ရှိ (ပင) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၃၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်တွင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ယာဉ်ရပ်နားဝင်းအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းရွာအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၆ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၉၄၅၂၂၉၂) ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ပင်လယ်ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ထားဝယ်မြို့နယ်၌ လျှပ်စစ်မီးဖွင့်ထားရာမှ ဝိုင်ယာကြိုးများ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ အောက်တိုဘာ ၂၇ ရက်က လျှပ်စစ်မီးဖွင့်ထားရာမှ ဝိုင်ယာကြိုးများအပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက်တွင် ဦးသင်းဆွေ(၆၂)နှစ်၏ နေအိမ်နှင့် တွဲလျက်ဖွင့်ထားသော ကုန်စုံဆိုင်အတွင်း၌ လျှပ်စစ်မီးဖွင့်ထားရာမှ ဝိုင်ယာကြိုးများ အပူလွန်ကဲ၍ မီးလောင်မှု ဖြစ်ပွားခဲ့သဖြင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မိနစ် ၄၀ ခန့် အကြာတွင် မီးငြိမ်းသွားခဲ့သည်။

အခင်းဖြစ်နေရာသို့ ထားဝယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကုန်စုံဆိုင်နှင့်တွဲလျက် သွပ်မိုး/ပျဉ်ကာ နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် သင်းဆွေအား ထားဝယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

ရမည်းသင်းမြို့နယ်၌ ရွှေဆွဲပြားဖြတ်ယူထွက်ပြေးသူ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးအရေးယူထား

နေပြည်တော် အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ အောက်တိုဘာ ၂၇ ရက်က ရွှေဆွဲပြားဖြတ်ယူထွက်ပြေးသူ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခန့်တွင် ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာနေ မသိမ့်ရတနာအောင်(၂၆)နှစ်သည် သားဖြစ်သူ ရှိန်းဝေလင်းနှင့်အတူ ရမည်းသင်းမြို့မဈေးအတွင်း ဈေးဝယ်နေစဉ် အမျိုးသမီးတစ်ဦးက ရှိန်းဝေလင်း၏ လည်ပင်းတွင်ဆွဲထားသည့် ရွှေဆွဲပြားကို ဖြတ်ယူထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်ရှိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ မြို့မရပ်ကွက်နေ မပို့ပို့(၂၀)နှစ်အား ၎င်းဖြတ်ယူသွားသည့် ရွှေဆွဲပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

မိုးတိမ်တောင်များဖြစ်ထွန်း

နေပြည်တော် အောက်တိုဘာ ၂၉

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ပျော်စရာ ဘုံကထိန်
တေးဂီတပျော်ပွဲ
FRIDAY NIGHT
live Show
မြန်မာ့အသံတေးဂီတ
၁-၁၁-၂၀၂၅
(သောကြာနေ့)
၁၉(၉)နာရီ ခန့်
Live ON MRTV HD
ရဲထိုက်၊ ထက်မြတ်စိုး၊ ပိုင်းလမင်းအောင်၊ မင်းသားလေး၊
စိမ့်နေခြည်၊ ကြူကြူခိုင်၊ အိအိလှိုင်၊ ထွန်းပပအောင်၊ နန်းစန္ဒီ၊ မေထူးကျော်
Replay ၃-၁၁-၂၀၂၅ (တနင်္လာနေ့)၊ နံနက် (၁၀:၁၅) နာရီခန့်

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ဗဟိုအဆင့် ပြည်သူ့ဆေးရုံကြီးများအတွက် လိုအပ်သော ဆေးပစ္စည်း(Speciality Consumables)များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် -19DMS(2024-2025)(L) အား ခေါ်ယူအပ်ပါ သည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၃၀-၁၀-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၁၃-၁၁-၂၀၂၅)ရက် မွန်းတည့် (၁၂) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၈၃၁)၊ ဦးထွန်းဦး အမည်ပေါက် ဟုခေါ်တွင်သော(ပါမစ်)မြေ အမျိုးအစား မြေအကျယ် (၄၀x၆၀)ပေ မြေကွက်နှင့်အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးအောင်မြတ်မိုးထံမှ ၂၉-၁၀-၂၀၂၅ရက်တွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးမြင့် (NTU-၀၅၉၉၇၉)မှ အပြီးအပိုင် ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကိုမင်း(LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၆၆၂၉၊ (၂၃-၁-၂၀၂၀)
(၁/၁၂/၄၀၂)၊ရွှေဥဒေါင်းလမ်း၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၂၅၂၀၄၃၄၅၄

ဖခင်အမည်မှန်နှင့်တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၅၀)နေ ဒဂုံတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ တတိယ နှစ်တွင် တက်ရောက်နေသော မခွန်းဆင့်သံသာ ၁၂/မဂဒ(နိုင်) ၁၈၅၄၂၁နှင့် အထက(၂)၊မင်္ဂလာဒုံ၊ Grade-12(A)တွင်တက်ရောက်နေသော မပန်သစ္စာ ၁၂/ မဂဒ(နိုင်) ၂၁၂၃၂၃ တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင်သန်း ၉/မခန(နိုင်) ၀၀၀၇၈၄ ဖြစ်ပါသည်။ ဦးကျော်အောင်သန်းနှင့် ဦးကျော်မောင်မောင်အောင်တို့မှာ တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ (၃၈၀၀၀၀)ဂါလန်၊ Octane-92 (၃၂၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ (၆၈၀၀၀) ဂါလန်ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၅ ရက်
(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၇-၁၁-၂၀၂၅ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့် နေရာ** - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန
(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက် မည့်နေ့ရက်** - ၁၁-၁၁-၂၀၂၅ ရက်
(င) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ(၁)
(စ) **တင်ဒါပုံစံဈေးနှုန်းများမှာ** - ဒီဇယ်ဆီ ကျပ် ၅၀၀၀၀/- Octane-92 ကျပ် ၁၀၀၀၀/- ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည်တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများ အားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/84186, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ပိုင် ၁၄/ဖပန(နိုင်)၁၆၉၆၅၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဖျာပုံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၈၇၉၃၈, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံနန်းထက် ၉/ပမန(နိုင်)၂၉၁၁၆၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
နေပြည်တော်ရုံး

ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး ခွတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင် နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပျောက်ဆုံးကြောင်း

ဦးအားယုံ၏သား ကျွန်တော် အားချန် ၁၃/မယန(နိုင်) ၀၃၈၅၉၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MJ241321) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၀၃၂၀၂၉

အမည်မှန်

ထားဝယ်မြို့၊ အိုးလုပ်ဥသျှစ်ရုံတိုးချဲ့ရပ်နေ ဦးသိန်းထိုက်၏သမီးဖြစ်သူ ပညာရွှေပြည်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-5မှ မဆုဝဒီရှိုင်း၏အမည်မှန်မှာ မမေဝဒီရှိုင်း ဖြစ်ပါကြောင်း။

မမေဝဒီရှိုင်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၁၄၅၇၁, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးမိုးထွေး ၆/မမန(နိုင်)၂၅၉၅၅၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြိတ်)

အလိမ္မာ စာမှာရှိ

ကျောက်ဆည်မြို့ မဟာရွှေသိမ်တော်မြတ်စွာဘုရား ရွှေသက်န်းကပ်လှူရန်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ မဟာရွှေ သိမ်တော်မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီးနှင့် ဝဲ/ယာ အရံရုပ်ပွားတော်(၂)ဆူ အား ရွှေသက်န်းကပ်လှူရန် (၂"x၂")ပတ်လည် အရွက်(၁၀၀)ပါ ရွှေဆိုင်း(၁၀၀)ဆိုင်း ဝယ်ယူရေးတင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်၍ ရွှေဆိုင်းတင်သွင်းမည့်ဈေးနှုန်းအဆိုပြုလွှာများအား ၂၃-၁၀-၂၀၂၄ရက်မှစ၍ ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရွှေဆိုင်းတင်ဒါပေးသွင်းလိုသူများအနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ဝယ်ယူ၍ အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၂၄ရက်
(ခ) **တင်ဒါလျှောက်လွှာ ပုံစံများနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၉-၁၀-၂၀၂၄ရက် ညနေ ၄:၃၀နာရီ
(ဂ) **ဈေးပြိုင်လေလံ/ တင်ဒါပွဲ ကျင်းပမည့်ရက်** - ၃၀-၁၀-၂၀၂၄ရက် ရွှေသိမ်တော်ဘုရားဓမ္မာရုံ

၂။ အသေးစိတ်အချက်အလက်များအား တင်ဒါခေါ်ယူရေးအဖွဲ့နှင့် ရွှေသိမ်တော်ဂေါပကအဖွဲ့များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မဟာရွှေသိမ်တော်မြတ်စွာဘုရား
ရွှေသက်န်းကပ်တင်ဒါလုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၉-၄၀၂၆၉၉၄၂၉

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းခမ်းအောင် ၁၃/တယန(နိုင်)၀၈၀၂၇၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၅၀၇၂၅

ပျောက်ဆုံးကြောင်း

ဦးဆမ်မိန်း၏သမီး ကျွန်မ မယေ့မာ ၁၃/တယန(နိုင်) ၀၇၃၂၇၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၉၄၂၆၁၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၈)၊ သစ္စာလမ်း၊ မြေကွက်အမှတ်(၅၅၄)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဒေါ်အေးအေးခိုင် (၁၂/လသန(နိုင်)၀၀၃၇၂၉)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးခိုင်(၁၂/လသန(နိုင်)၀၀၃၇၂၉)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီး ဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကြိုးကြာလမ်း၊မြေကွက်အမှတ်(၈၀၄)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးမောင်ဟန် (CM-001235)အမည်ပေါက်ပါမစ်မြေကွက်အနက်မှအကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ခေါင်းရင်းခြမ်း(ပါမစ်မူရင်း)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်စံပယ်ငွေ(၁၂/ဥကမ(နိုင်)၁၆၅၅၁၃)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ နဝရတ်(၁၀)လမ်း၊ မြေကွက်အမှတ်(၇၅/၇၆)၊ အကျယ်အဝန်း(၃၀ပေ× ၆၀ပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်အနက်မှအခန်းအမှတ်-မြေညီထပ်(ဘီ)အကျယ်အဝန်း(၁၄ပေ× ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင်နှင့်ကန်ထရိုက်တာတို့ချုပ်ဆိုထားသော စာချုပ်အရ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထိန်ဝင်း(၁၂/သကတ(နိုင်)၁၄၉၀၀၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇

ဒေါ်တင်အေးကြည် နှင့် ဦးလှဝင်း
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်း(၂၆)လမ်း၊ အမှတ်(၇၃၄)နေ တရားပြိုင် ဦးလှဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမြေကွက်နှင့်နေအိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်) နံနက် ၁၀ နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် တင်ပြလိုသည့် စာမှတ်စာတမ်း အထောက်အထားများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်သူဇာဆွေ)
တွံ့ဖက်မြို့နယ်တရားသူကြီး(၁)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

YRIC Endorsement ကတ်များ ပျက်စီးဆုံးရှုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည် လျှောက်ထားမည် ဖြစ်ပါကြောင်းအများသိစေရန်ကြေညာခြင်း

FULL STRONG TEXTILE COMPANY LIMITED သည် (၃၁-၁-၂၀၂၂) ရက်တွင် မမျှော်မှန်းနိုင်သည့်ဖြစ်ရပ် မီးလောင်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပါသည်။ ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူ Mr. Wang Yiqiang သည် စာရွက်စာတမ်းမူရင်းများအား ကုမ္ပဏီရုံးခန်းတွင် သိမ်းဆည်းခဲ့ရာ FULL STRONG TEXTILE COMPANY LIMITED မှတ်ပုံတင်အမှတ်-110575610 (3-12-2018) ၏ YRIC အတည်ပြုမိန့်များဖြစ်သည့် ရကတ-၂၀၅/ ၂၀၁၉ (၂၁-၆-၂၀၁၉)နှင့် ရကတ-၂၀၆/၂၀၁၉ (၂၁-၆- ၂၀၁၉) တို့သည် မီးလောင်ပျက်စီးဆုံးရှုံးသွားပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတွင် မိတ္တူမှန်ပြန်လည် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့ကြေညာစာပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကုမ္ပဏီ ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းခန့်ဦး (LL.B, LL.M, WIPO SWITZERLAND) အထက်တန်းရှေ့နေ
စဉ်-၅၃၄၉၄/၃၁-၈-၂၀၂၀]
အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း ၀၉-၇၆၅၄၇၉၆၈၆၊ ၀၉-၄၅၃၀၃၁၀၁၆

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ တလိုင်းစုရပ်ကွက်၊ အကွက်အမှတ်(၁၅)တလိုင်းစုကွင်း၊ ဦးပိုင်အမှတ်(၅၆)၊ မြေဧရိယာ ၀ဒသမ၀၄၈ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၄၇/၁၉၉၇-၁၉၉၈အရ ဦးပေါစိန်၊ ဒေါ်အုန်းမြင့်အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်ရရှိသူထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၆၂/၂၀၁၉)ဖြင့် ဒေါ်ရင်ရွှေမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေဧရိယာ(၀.၀၄၈)ဧကအနက် မြေပြင်ရှိမြေဧရိယာ(၀.၀၃၅)ဧကအား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ရင်ရွှေ ၆/ကသန(နိုင်)၀၃၅၁၃၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်-၃၉(က) ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၁၇၀/၅၄၉)၊ မြေဧရိယာ ၀ဒသမ၀၃၄ဧကအား မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏(၁၃-၃-၂၀၂၄)ရက်စွဲပါစာအမှတ် ၇၁၀/၁/၄-၁၁/ခစဖ (မြိတ်)အရ ဦးညီမိုးအမည်ဖြင့် ယာယီမြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးညီသိန်းရွှေ ၆/မအရ(နိုင်)၀၀၄၀၈၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/5653၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(မြိတ်)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 14U/9546, Xunling XL-175ZH, 3W ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သရက်)

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
မြောင်းမြခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၇

ကွယ်လွန်သူ ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်စိန်တို့၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ဒေါ်ငွေငွေရီ (လျှောက်ထားသူ)
စကမြားကျေးရွာ
မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စကမြားကျေးရွာ၊ သရက်ကုန်းနေအိမ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်စိန်တို့၏ ကျန်ရစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ စကမြား ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၃၂၅)၊ စကမြားကွင်း၊ ဦးပိုင်အမှတ် (ခ/၂၄)၊ မြေအမျိုးအစား-ဥယျာဉ်မြေ(၀.၁၆)ဧက၊ ကွင်း အမှတ်(၃၂၅)၊ စကမြားကွင်း၊ ဦးပိုင်အမှတ် (၂၁)၊ မြေအမျိုးအစား-ဥယျာဉ်မြေ(၀.၃၇)ဧက၊ ကွင်းအမှတ်(၃၂၅)၊ စကမြားကွင်း ဦးပိုင်အမှတ် (က/၂၄)၊ မြေအမျိုးအစား-ဥယျာဉ်မြေ(၀.၁၇)ဧက၊ ကွင်းအမှတ်(၃၂၅) စကမြားကွင်း၊ ဦးပိုင်အမှတ် (၂၂/၁)၊ မြေအမျိုးအစား-ဥယျာဉ်မြေ(၀.၃၃) ဧကတို့အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ငွေငွေရီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်)တွင် ဆိုင်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်မြင့်နှင့် ဇနီးဒေါ်ခင်စိန်တို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ငွေငွေရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်မြင့်စန်း)
ဒုတိယခရိုင်တရားသူကြီး(၂)
မြောင်းမြခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၅-D)၊ ကညင်ပင်ချောင်းတောင်ကွင်း၊ အောက်ကျင်းပိုင်းလမ်း၊ အလျား x အနံ (၂၀x၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၃)ဧကအကျယ်ရှိ ဦးဟိန်းကိုကိုလွင် အမည်ဖြင့် မြေခွန်ပြေစာ ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသက်ကိုကို(ဘ)ဦးချစ်ကို ၁၂/သလန(နိုင်)၁၄၀၆၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းစည်သူအောင်(ဘ)ဦးဘမောင် ၁၂/အစန(နိုင်)၂၃၇၆၈၅က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇာနည်(LL.B,D.B.L) **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၂၆)
ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊
ဖုန်း-၀၉-၇၉၇၀၇၅၃၁၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/59926, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းနိုင် ၁၄/ပသန(နိုင်) ၂၁၄၅၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/16336, DAYANG-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းဦး ၁၄/ပသန(နိုင်)၂၁၁၅၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/73010, Zhineng 110 M/C ယာဉ်လက်ဝယ် ရှိသူ ဦးအောင်မျိုးထွန်း ၁၄/ပသန(နိုင်)၂၁၁၉၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/81538, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ထွန်း ၁၄/ကကန(နိုင်)၁၀၇၂၆၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/7637 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/1815, Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင်းထွန်း ၅/မရန(နိုင်)၂၂၁၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

ဒေါ်အေးသန္တာဝင်း နှင့်
၁။ ဒေါ်ခိုင်သီတာဦး
၂။ ဒေါ်လင်းဇာနည်ခိုင်
၃။ ဦးရဲမင်းထွဋ်
၄။ ဦးပိုင်စိုး
၅။ ဦးအောင်ကျော်ကျော်
၆။ ဒေါ်လွင်လွင်ခိုင်
၇။ ဒေါ်သဲသဲစိုး
၈။ ဒေါ်မိုးခတ္တာ

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ်(၈၆၀/ခ)နေ တရားပြိုင် ဦးရဲမင်းထွဋ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးသန္တာဝင်းက မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေပုံပစ္စည်းခွဲဝေပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့်၊ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေဦး)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်း၊ အိမ်ရာအမည် ဦးကွန်းဇော်ရိပ်မွန်ဟု ခေါ်တွင်သော (Lift)ပါ Basement+၂ခန်းတွဲ-၈ထပ်ခွဲတိုက် (တတိယထပ်-3B)၊ (၁၉၇၆စတုရန်းပေ)ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ကိုယ်ပိုင် Basement Car Parking (3B)အပါအဝင် ယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြုသူ ဦးအေးအောင်ဇော် (ဘ) ဦးကွန်းဇော် ၁၂/လမန(နိုင်)၀၆၃၀၆၉ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ အဆိုပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာမြင့်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)
ဖုန်း-၀၉-၂၅၀၅၂၈၆၁၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ ရာမညလမ်း၊ မြေကွက်အမှတ်(၉၁/ခ)၊ အကျယ်အဝန်း(၂၀ပေ)x(၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးအပြည့်အစုံပါ လုံးချင်းနေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဒေါ်လုံး ၁၂/ဥကမ(နိုင်)၁၃၈၁၃၄ဖြင့် မှတ်သားတည်ရှိပြီး အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ချုပ်ဆိုဝယ်ယူထားသော ဒေါ်အေးသန္တာကျော် ၁၂/စခန(နိုင်) ၀၅၉၃၉၉က အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဘုန်းပြည့် ၁၄/ကခန(နိုင်)၀၆၁၆၈၀က အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)
အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၉၀၁၄၄၅၂၇

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၇)ရပ်ကွက်၊ တကောင်းလမ်းမကြီး၊ အမှတ်(၇၆၁)နေ ဒေါ်ဥမ္မာကြည်(၂/မရက(နိုင်)၀၂၂၃၀၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံ၊ မြေကွက်အမှတ် -၇၆၁(မြေကွက်လိပ်စာ)အမှတ်(၇၆၁)၊တကောင်းလမ်းမကြီး၊ (၁၄/၇)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေအကျယ်(၄၀x၆၀)ပေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၁၄၊ လူနေရပ်ကွက်အမှတ် -ရွှေပေါက်ကံ၊ မြေကွက်အမှတ် -၇၆၂(မြေကွက်လိပ်စာ) အမှတ်(၇၆၂)၊ တကောင်းလမ်းမကြီး၊(၁၄/၇)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော မြေအကျယ်(၄၀x၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေကွက် စုစုပေါင်းမြေကွက် (၂)ကွက်သည် ကျွန်ုပ်မိတ်ဆွေဒေါ်ဥမ္မာကြည် အမည်ဖြင့် ဂရန်အမည်ပေါက်လျက်ရှိပြီး ထိုမြေကွက်များပေါ်တွင် ကျွန်ုပ်မိတ်ဆွေဒေါ်ဥမ္မာကြည်မှ လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ ထိုမြေကွက်များ နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဥမ္မာကြည်သည် အခြားသူသို့ တစ်စုံတစ်ရာပတ်သက်ဆက်နွှယ်ထားမှု လုံးဝမရှိကြောင်းနှင့် ယနေ့တိုင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဥမ္မာကြည်သာလျှင် အဆိုပါမြေကွက်များအပေါ် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းမော် (စဉ်-၇၉၆၆) တရားလွှတ်တော်ရှေ့နေ
အမှတ်(က/၇၂၁)(မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့)၊ ခေမာသီလမ်းမကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉-၂၅၄၄၉၁၂၄၈၊ ၀၉-၉၇၂၇၇၀၉၀၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၈၂၉၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၁၀/မလမ(နိုင်)၁၄၃၃၃၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၀၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးလှသူ ၁၀/မဒန(နိုင်)၁၄၇၈၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၂၆၃၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၁၀/မဒန(နိုင်)၁၀၂၀၆၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
ရမည်းသင်းခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၁၅

ဒေါ်ဥမ္မာကျော် နှင့်
၁။ ဒေါ်မေမျိုးဟန်
၂။ မရှင်းသန့်ဖြူ
၃။ ဦးတင်စိုး
၄။ ဒေါ်မြဖြူ
၅။ ဒေါ်သဥ္ဇာလှိုင်းတင်

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၉)ရက်တွင် ပျော်ဘွယ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၉/၂၀၂၄ အမှုတွင် ချမှတ်ခဲ့သော ကြားဖြတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကံကောက်ကျေးရွာနေ အမှတ်(၅)ပြင်ဆင်ရန် လျှောက်ထားခံရသူ ဒေါ်သဥ္ဇာလှိုင်းတင်(ဘ) ဦးညွန့်တင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ဤအမှုတွင် ပျော်ဘွယ်မြို့နယ်တရားရုံး၏ ကြားဖြတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်သီဂီဝင်းကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်(၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၃)ရက်နေ့) နံနက်၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန်ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ဤပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေလင်းထူး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရမည်းသင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ခေတ္တာ(၁)လမ်း၊ ဦးပိုင်မြေကွက်အမှတ်(၁၉၆၈)၊ အလျား(၆၀)ပေxအနံ(၆၀)ပေ မြေကွက်အား လက်ဝယ်ထားရှိ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိမွန်ထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာလုံလောက်သော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန့်ဇင်ကျော် LL.B, DBL, PGDE
(စဉ်-၁၁၆၀၅/၂၀၁၆)
(တရားလွှတ်တော်ရှေ့နေ)

ဦးသီဟရဲစိုး LL.B
(စဉ်-၅၄၃၈၉/၂၀၂၁)
(အထက်တန်းရှေ့နေ)

ယ၆/(၅၅-ခ)၊ အောင်သပြေလမ်း၊ ရန်အောင်(၁)ရပ်ကွက်၊
နေပြည်တော်ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၁၀၇၇၅၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၁)၊ အမှတ်(၁၁)ရပ်ကွက်၊ ငုဝါလမ်း၊ မြေကွက်အမှတ်(၃၄၉/ခ)၊ မြေအကျယ်(၂၀x၆၀)ပေ(ဒေါ်ခင်မြင့် အမည်ပေါက် မြေချပါမစ်) ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဝင်းတင် ၁၄/ဘကလ(နိုင်)၀၉၀၁၉၄မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ် ၏မိတ်ဆွေဖြစ်သူ ဦးနန်းဝင်း ၁၄/ညတန(နိုင်) ၁၇၁၈၆၂က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးနန်းဝင်း
၁၄/ညတန(နိုင်)၁၇၁၈၆၂

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၇၂)
အမှတ်(၇၉/ခ)၊ခရေလမ်း၊(၁၅)ရပ်ကွက်၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၄၂၀၂၉၄၀၀၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြရတနာလမ်း၊ အမှတ်(၂/၃၁/၁၁၃) တွင်နေထိုင်သော ဦးရန်အောင်စိုး(၇/ပခန(နိုင်)၀၀၀၀၉၆)နှင့် ဒေါ်မိုးမိုးသူ ၁၃/လယန(နိုင်)၁၆၆၄၂၂တို့၏ သားဖြစ်သူ အောင်ဘိုဘို(ခ) အငယ်လေး ၁၂/ယပတ(နိုင်)၀၈၂၂၉၇သည် မိဘနှင့်ညီအစ်ကို မောင်နှမများ၏ ဂုဏ်သိက္ခာကိုမငဲ့ကွက်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများအား ရိုင်းပြစွာရန်သူသဖွယ် ပြုမူဆက်ဆံနေသည့်အတွက် ဦးရန်အောင်စိုးနှင့် ဒေါ်မိုးမိုးသူတို့မှ အောင်ဘိုဘို(ခ)အငယ်လေးအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် အောင်ဘိုဘို(ခ) အငယ်လေး၏ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သီတာအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၄)

ဦးချစ်သဲမောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်- ၅၂၅၉၉)

အမှတ်-၇၉-စီ၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၂၂၇၃၇၊ ၀၉-၇၇၉၅၂၆၈၆၈
၀၉-၅၁၄၆၄၀၅၊ ၀၉-၉၅၄၄၃၀၁၁၃

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
အလုံခရိုင်တရားရုံး
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃၀

ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)
(ယခင်) မြန်မာ့မွေးမြူရေးနှင့်
ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်)
၎င်း၏ကိုယ်စား ဦးမြင့်သိန်း မန်နေဂျာ
နှင့်
၁။ ပြည့်ဖြိုးကျော် မရင်းပရောဒတ်စ် ကုမ္ပဏီလီမိတက်
၂။ ဦးဌေးမြင့်
၃။ ဦးဝင်းရွှေ
၄။ ဦးအုန်းဆင့်

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၂၁)နေ (၁)တရားပြိုင် ပြည့်ဖြိုးကျော် မရင်းပရောဒတ်စ်ကုမ္ပဏီလီမိတက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ အမှတ်(၁၀၂)နေ (၂) တရားပြိုင် ဦးဌေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ် (၉၆)၃လွှာနေ (၃)တရားပြိုင် ဦးဝင်းရွှေ နှင့် ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဦးစ(၈)လမ်း၊ အမှတ်(၃၂)နေ(၄)တရားပြိုင် ဦးအုန်းဆင့် (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည်။

သင့်တို့အပေါ်၌တရားလိုဘဏ်က" တရားလိုဘဏ်တွင် ချေးယူခဲ့သော (၅-၁၁-၂၀၂၁) ရက်အထိ ချေးငွေအရင်း အတိုးစုစုပေါင်းငွေကျပ် (၉၅၃၉,၇၅,၆၉၈.၂၄) တိတိအားပေးဆပ်စေလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်၊ (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်၊ မွန်းမတည့်မီ (၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုဘဏ်၏စွဲဆိုချက်ကိုထုချေရှင်းလင်းရန်၊ ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်တို့ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုဘဏ်ကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာသွင်းလိုလျှင်အမှု မဆိုင်မီ (၄) ရက်ကတင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၂၉)ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

(လင်းလင်းထိုက်)
ဒုတိယခရိုင်တရားသူကြီး(၃)
အလုံခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ (၀.၁၄၆ဧကေ)ရှိ မြေကွက်အမှတ် (ပ-၁၁၂၆)ကို အမည်ပေါက် ဒေါ်ပိုင်းနန္ဒာဇော် (ဘ) ဦးကျော်မိုးဇော် ၉/ပမန(နိုင်)၁၅၈၄၈၉မှ ဦးစန်းရှိန် (ဘ)ဦးအောင်မြင့် ၁/မကန(နိုင်)၀၇၀၀၈၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက် အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဖုံပညာ့တိုဝါန့်၊ ကွင်းအမှတ်(၁၁၂၃)၊ ကွင်းအမည် မဲဘောင်ကွင်း၊ မြေကွက်အမှတ်(၄၀၂၊ ၄၀၃)၊ အလျား (၁၂၀)x အနံ(၁၀၀)ပေ မြေကွက်နှင့်အိမ်အား ကျွန်တော်၏ မိတ်ဆွေဖြစ်သူ မသင်းသင်းခိုင် ၃/လဘန(ပြု)၀၀၀၁၆၂ မှ ဝယ်ယူပြီး ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း အထောက်အထားခိုင်မာစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ (၇)ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးအောင်နှင့် ဥပဒေအညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစဟိန်းဝင်းကျော်
အထက်တန်းရှေ့နေ(စဉ်-၄၆၃၉၃)

ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ အကွက်အမှတ်(၇+၈)၊ တိုက်တန်းဝွေ့စီး၊ ဦးပိုင်အမှတ်(၈၇-က)၊ ဧရိယာ(၀ဒသမ၀၆၁)ဧကရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ကုန်သည်ကြီးလမ်း
(ခ) အနောက်လားသော် - ဦးပိုင်(၇၀)၊
(ဂ) တောင်လားသော် - ဦးပိုင်(၈၇-ခ)၊
(ဃ) မြောက်လားသော် - ဦးပိုင်(၈၆)၊

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်စုစု(ခ) ဘက်တီစုစု (ခ)ဒေါ်စုစုမြင့်မှလျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး**
တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့

ပတ်စ်ပို့ပျောက်

နေပြည်တော်နေ ဦးမောင်မောင်စိုး၏ သား ကျွန်တော် ဦးရဲမြတ်သူ ၁၂/အစန(နိုင်)၂၀၂၀၄၅၈၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ME-101616 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉-၅၀၇၃၄၈၂

နိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကျုံကူးအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နေ ဦးစိန်ထွန်းရီ၏ သမီးဖြစ်သူ မခင်ဌေးဝင်း ၁၄/ဟကကက(နိုင်)၀၄၇၄၃၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၆၆၈၉၄၀၉၇၀ သို့ ဆက်သွယ်ပေးပါရန်။

နိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရဲခေါင်ကြီး(တောင်)၊ ကျုံကူးအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နေ ဦးမြင့်စိုး၏ သမီးဖြစ်သူ မခင်မျိုးဇော် ၁၄/ဟကကက(နိုင်) ၀၁၁၉၅၉၏ နိုင်ငံကူးမှတ်ပုံတင် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၆၆၈၉၄၀၉၇၀ သို့ ဆက်သွယ်ပေးပါရန်။

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရဲခေါင်ကြီး(တောင်)၊ ကျုံကူးအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နေ (ဘ) ဦးဝင်းကြည်၏ သမီးဖြစ်သူ မခင်သန္တာဝင်း (၁၄/ဟကကက (နိုင်) ၀၃၄၇၀၉)ကိုင်ဆောင်သူ၏ နိုင်ငံကူးအမှတ် (ME-515528) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၆၈၈၃၃၅၁၂၄ သို့ ဆက်သွယ်ပေးပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/52946 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးအောင် ၁၀/သထန(နိုင်) ၁၁၃၆၇၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/6561, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းနိုင် ၁၄/ပသန(နိုင်) ၂၁၄၅၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/24089 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်လင်းအောင် ၇/သနပ(နိုင်)၁၆၁၅၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ သိမ်တောင်လမ်း၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၃၉)၊ မြေကွက်အမှတ်(၅၂)၊ ဧရိယာ(၀.၃၂၄)ကေရှိမြေကွက်နှင့်ပတ်သက်၍ ရောင်းချသူ ဒေါ်နန်းချိုချိုထွန်း (၁၃/တကန(နိုင်)၁၄၆၀၂၄)က ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြင့်မြင့်ဝေ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၀၆/၁၂)
အိမ်အမှတ်(၄/၁၇၃-က)၊ အမှတ်(၄)ရပ်ကွက်၊ သီတာဦးလမ်း၊
ကလောမြို့၊ ဖုန်း-၀၉-၄၁၀၀၂၈၃၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဝါးတန်းလမ်း၊ မြဝတီကွန်ဒို၊ တိုက်အမှတ်(B)၊ အခန်းအမှတ်(၈၀၁)၊ (၈.လွှာ)၊ အကျယ်အဝန်း(၁၉၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ညွန့်ရီ (ခ)လော်ရင်လင်း (၁၂/ပဇတ(နိုင်) ၀၂၇၁၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးဝင်းသူရဇော် (LL.B) **ဒေါ်ယမင်းထွေး (LL.B)** **ဦးရဲသီဟ (LL.B)**
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
(စဉ်-၄၂၀၆၆) **(စဉ်-၁၂၃၆၅)** **(စဉ်-၅၆၃၆၆)**

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရွာငံစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈/ရွာငံစုမြောက်)၊ ဦးပိုင်အမှတ်(၇၄/၁)၊ မြေကွက်အမှတ်(155/234)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေအား ဦးမြင့်ဦး(၁၂/ လမန(နိုင်) ၀၆၆၆၉၃) အမည်ဖြင့် ၁၇-၈-၂၀၀၉ မှ ၁၆-၈-၂၀၃၉ ရက်အထိ နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမြင့်ဦး ၁၂/လမန(နိုင်) ၀၆၆၆၉၃ က ၂၀-၆-၂၀၂၄ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးမြင့်ဦး၏ဇနီးဖြစ်သူ ဒေါ်ခင်မြဝင်း ၁၃/ကလန(နိုင်) ၀၀၄၆၃၇ က ၁၅-၇-၂၀၂၄ရက်တွင် စာချုပ်အမှတ် ၅၁/၂၀၂၄ အရ တရားဝင်ဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် ၁၄-၈-၂၀၂၄ရက်တွင် စာချုပ်အမှတ် ၇၄/၂၀၂၄ အရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်မြဝင်း ၁၃/ကလန(နိုင်) ၀၀၄၆၃၇ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့် ရက်အထိ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရွာငံစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈/ရွာငံစုမြောက်)၊ ဦးပိုင်အမှတ်(၇၅/၁)၊ မြေကွက်အမှတ်(148/235)၊ မြေဧရိယာ ၀ ဒသမ ၀၆၁ ကေရှိ မြေအား ဦးမြင့်ဦး (၁၂/လမန(နိုင်)၀၆၆၆၉၃) အမည်ဖြင့် ၂၃-၂-၂၀၀၀ မှ ၂၂-၂-၂၀၃၀ ရက်ထိ နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမြင့်ဦး (၁၂/လမန(နိုင်)၀၆၆၆၉၃)က ၂၀-၆-၂၀၂၄ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးမြင့်ဦး၏ ဇနီးဖြစ်သူ ဒေါ်ခင်မြဝင်း (၁၃/ကလန(နိုင်) ၀၀၄၆၃၇) က ၁၅-၇-၂၀၂၄ ရက်တွင် စာချုပ်အမှတ် ၅၁/၂၀၂၄ အရ တရားဝင်ဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် ၁၄-၈-၂၀၂၄ ရက်တွင် စာချုပ်အမှတ် ၇၁/၂၀၂၄ အရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ကလောမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်မြဝင်း (၁၃/ကလန(နိုင်)၀၀၄၆၃၇) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ သူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကလောမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ်-၉၄၊ မြေကွက်တည်နေရာအမှတ်-၉၄၊ ရွှေသီရိလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစိုးမောင် DW-018398 အမည်ပေါက် နှစ် (၆၀) မြေငှား စာချုပ်ဂရန်မြေအား မြေအမည်ပေါက် (ဖခင်)ဦးစိုးမောင်နှင့် (မိခင်) ဒေါ်စံသီ တို့ အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ သားသမီးများအဖြစ် ဒေါ်ရီရီမြင့်၊ ဦးမျိုးညွန့်၊ ဦးမြင့်လွင်၊ ဦးမြတ်ကျော်တို့(၄)ဦးအား မွေးဖွားခဲ့ကြောင်း၊ သားသမီး(၄)ဦးအနက် သား(၂)ဦးဖြစ်သူ ဦးမျိုးညွန့်သည် (၉-၁-၂၀၁၆)ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးမြတ်ကျော်သည် (၁၂-၉-၂၀၂၂)ရက်တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်ရီရီမြင့် ၁၂/လသန(နိုင်)၀၁၃၄၂၉၊ ဦးမြင့်လွင် ၁၂/လသန(နိုင်)၀၁၂၃၉၁ တို့မှ ၎င်းတို့သာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားသမီးများဖြစ်ပြီး ၎င်းတို့မှလွဲ၍ အခြားကိတ္တိမ သားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၉)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈၈/မျက်ရဲအင်းအနောက်)၊ ဦးပိုင်အမှတ် (၂၀၅+ ၂၂၁/က)၊ မြေကွက်အမှတ်(181+196/218)၊ မြေဧရိယာ(၀ဒသမ၃၄၅)ကေရှိ မြေအား ဦးသိန်းရွှေ ၁၃/ ကလန(နိုင်) ၀၀၉၃၄၃ အမည်ဖြင့် ၇-၇-၂၀၀၀ မှ ၆-၇-၂၀၃၀ ရက်ထိ နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးသိန်းရွှေမှာ ၁၅-၈-၂၀၁၅ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဂရန်ရှင် ဦးသိန်းရွှေ၏ ညီအရင်းဖြစ်သူ ဦးသိန်းငွေက ၁၀-၅-၂၀၂၄ရက်စွဲပါ ကလောမြို့စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၂၆/၂၀၂၄အရ အမွေဆက်ခံကြောင်း ကြေညာစာချုပ်ချုပ်ဆိုခဲ့ပြီး ၁၁-၆-၂၀၂၄ရက်စွဲပါ မှတ်ပုံတင်အမှတ် ၂၈၄/၂၀၂၄ အရ ကလောမြို့နယ် တရားရုံး၌ ဦးသိန်းရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားဂရန် ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာပြုလုပ်ခဲ့ပါသည်။ ယခုအခါ ဦးသိန်းငွေ ၁၃/ကလန(နိုင်)၀၀၉၄၆၄မှ မြေငှားဂရန်(ပျောက်ဆုံး)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ် နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃၅/လှည်းရိုးရပ်)၊ ဦးပိုင်အမှတ်(၁၀၄)၊ မြေကွက် အမှတ်(109)၊ မြေဧရိယာ ၀ ဒသမ ၀၉၉ ကေရှိ မြေအား ဦးမြင့်ဦး (၁၂/လမန (နိုင်) ၀၆၆၆၉၃) အမည်ဖြင့် ၁၀-၈-၂၀၁၇ မှ ၉-၈-၂၀၄၇ ရက်ထိ နှစ်(၃၀) သက်တမ်းရှိ မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမြင့်ဦး (၁၂/လမန(နိုင်) ၀၆၆၆၉၃) က ၂၀-၆-၂၀၂၄ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးမြင့်ဦး၏ ဇနီး ဖြစ်သူ ဒေါ်ခင်မြဝင်း (၁၃/ကလန(နိုင်)၀၀၄၆၃၇)က ၁၅-၇-၂၀၂၄ ရက်တွင် စာချုပ်အမှတ် ၅၁/၂၀၂၄အရ တရားဝင်ဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် ၁၄-၈-၂၀၂၄ ရက်တွင် စာချုပ်အမှတ် ၇၃/၂၀၂၄အရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ကလောမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ပြုလုပ်ချုပ်ဆို ခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်မြဝင်း (၁၃/ကလန(နိုင်)၀၀၄၆၃၇) အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကလောခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကလောမြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရွာငံစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၈/ရွာငံစုမြောက်)၊ ဦးပိုင်အမှတ်(၇၈/၁)၊ မြေကွက်အမှတ်(143)၊ မြေဧရိယာ ၀ဒသမ ၀၆၅ကေရှိမြေအား ဦးမြင့်ဦး (၁၂/လမန(နိုင်)၀၆၆၆၉၃အမည်ဖြင့် ၁၀-၈-၂၀၁၇ မှ ၉-၈-၂၀၄၇ရက်အထိ နှစ်(၃၀)သက်တမ်းရှိ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမြင့်ဦး ၁၂/လမန(နိုင်)၀၆၆၆၉၃က ၂၀-၆-၂၀၂၄ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးမြင့်ဦး၏ ဇနီးဖြစ်သူ ဒေါ်ခင်မြဝင်း ၁၃/ကလန(နိုင်)၀၀၄၆၃၇က ၁၅-၇-၂၀၂၄ရက်တွင် စာချုပ်အမှတ် ၅၁/၂၀၂၄အရ တရားဝင် ဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်းနှင့် ၁၄-၈-၂၀၂၄ ရက်တွင် စာချုပ်အမှတ် ၇၂/၂၀၂၄အရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို ကလောမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်မြဝင်း ၁၃/ကလန(နိုင်)၀၀၄၆၃၇အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကလောမြို့

အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၃၉၄

ဦးကျော်ထူးအောင် နှင့် ၁။ ဦးရွှေမြင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဒေါ်အိအိသူ
ဦးကျော်ဝင်း) ၃။ ဦးမောင်မောင်
၄။ လင်းလင်း(ခ)မျိုးမင်းဌေး

(အယူခံတရားလို) (အယူခံတရားပြိုင်များ)

၂၀၂၃ခုနှစ်၊ ဇွန်လ ၂၇ရက်စွဲပါ ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၉/၂၀၂၂ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

